ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.184 WEEKLY NEWS JOURNAL 27th January 2018

## ဗမာပြည်မှ ပေးစာများ
# နံ့နက်တသောက

အောင်ဆန်းစုကြည်



ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.184 WEEKLY NEWS JOURNAL 27th January 2018

## အတို့အတောင်ဒေါက်တာအေးမောင်နဲ့ AAလုပ်ကြံတဲ့

# မြောက်ဦးလေမုန်တိုင်း

# ရခိုင်ပြည်နဲ့ဘယ်လဲ

မိုးဟိန်း (သူရိယနေဝန်း)



ရခိုင်ပြည်နယ်၏မြောက်ဘက်ကပ်လျက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေသန်း (၁၇၀) နီးပါးရှိပြီး လူဦးရေအကြီးအကျယ်ပေါက်ကွဲလျက်ရှိသည်။ စတုရန်းတစ်မိုင်လျှင် လူ (၂၈၆၅) ယောက် နေထိုင်နေရပြီး

www.free4readers.com

### လက်ဖက်ရည်ဆိုင်ရောဂါ

ငကင်းသည် မနက်မိုးလင်းသည်နှင့် လက်ဖက်ရည်ဆိုင်မထိုင်ရလျှင် မနေနိုင်သည့်ရောဂါဝေဒနာ ခံစားလာရသည်မှာ လွန်ခဲ့သည့်နှစ်ပေါင်း(၃၀)ကျော်က တည်းက ဖြစ်သည်။ ငကင်း ဆင်းရဲဖူးသည်၊ ချမ်းသာဖူးသည်။ ငကင်းဘဝတွင် ဆင်းရဲရဲ ချမ်းသာသာ မနက်တွင် လက်ဖက်ရည်ဆိုင် ထိုင်သည့်အလုပ်ကို မပျက်မကွက်မှန်မှန်လုပ်ခဲ့သည်။ လက်ဖက်ရည်ဆိုင်မှ အုတ်နီခဲရောင်ထနေသည့် ခပ်ကျကျလက်ဖက်ရည်တစ်ခွက် မသောက်ရဘဲ မနေနိုင်။ တစ်ခါတစ်ရံ နေ့လယ်ခင်းဘက်တွင်ပါ လက်ဖက်ရည်ဆိုင် ထိုင်တတ်သည်။

လူတစ်ယောက်သည် မိမိကိုယ်ကို ဘာလူမျိုးလဲဟု ဆုံးဖြတ်ရာတွင် နံနက်စာနှင့် နားထောင်ချင်သည့် သီချင်းဖြင့် ဆုံးဖြတ်နိုင်သည်ဟု ကြားဖူးသည်။ အလွန်မှန်ပေသည်။ ငကင်းသည် မြန်မာဖြစ်ကြောင်း မုန့်ဟင်းခါး၊ နန်းကြီးသုပ်နှင့် လက်ဖက်ရည်မပါလျှင် အာသာမပြေချေ။ နိုင်ငံရပ်ခြားတွင် နေခဲ့ရစဉ်က နံနက်စာကို တစ်ကြိမ်တစ်ခါမျှ အာသာမပြေခဲ့ချေ။ စတာဘတ်ကော်ဖီ၊ မက်ဒေါနယ်ကော်ဖီ၊ ဒန်ကင်းဒိုးနတ်ကော်ဖီတစ်ခွက်၊ အသားညှပ်ပေါင်မုန့်တစ်လုံးဖြင့် နံနက်စာကို မရှိမဖြစ် စားခဲ့ရသော်လည်း တစ်ခါမျှ အာသာမပြေခဲ့ချေ။ မုန့်ဟင်းခါးမစားရရင်တောင် ပဲပြုတ်ထမင်းဆီဆမ်းတစ်ပွဲလောက် လွေးလိုက်ရမှ အာသာပြေသည်။ အနောက်တိုင်းသီချင်းများနားထောင်၍ အဆင်ပြေသော်လည်း မြန်မာသီချင်းနားထောင်မှပင် အကြောအချဉ်ပြေပျောက်သွားပြီး စိတ်ထဲတွင် လွတ်လပ်ပေါ့ပါးသွားသလို ခံစားရသည်။ နိုင်ငံရပ်ခြားတွင်နေခဲ့ရစဉ်ကလည်း သွားလေရာရာတွင် အခွင့်ရလျှင် မြန်မာသီချင်းသာ နားထောင်ခဲ့သည်။ အင်တာနက်တွင် မြန်မာရုပ်ရှင်ကားများကို ရှာကြည့်တတ်သည်။

### ဟိုတုန်းက မုန့်ဟင်းခါးနှင့်ပေါက်စီကို လွမ်းမိသည်

ငကင်း ငယ်စဉ်က လက်ဖက်ရည်ဆိုင်တွင် ဝက်သားပေါက်စီဆိုသည်မှာ ပေါက်စီထဲတွင် ဘဲဥတစ်ခြမ်း ပါသည်၊ ဝက်အူချောင်း လက်နှစ်ဆစ်မျှ ပါသည်။ ပေါက်စီထဲတွင် ဝက်သားပေါင်းတော်တော်ကြီးကြီးပါသည်။ လက်ဖက်ရည်တစ်ခွက်နှင့် ဝက်သားပေါက်စီတစ်လုံးစားလိုက်ရလျှင် နေ့လယ်ထမင်းစားချိန်အထိ ဆာလောင်ခြင်းမရှိ။ ငကင်းတို့ငယ်စဉ်က တရုတ်တန်းတွင် ကြေးအိုးတစ်ပွဲ မှာစားလျှင် ကုန်တောင်မကုန်နိုင်အောင် အသားလုံးများ ပါသည်။ ထိုစဉ်က ကြေးအိုးဆိုသည်မှာ အရည်ကို ဝက်ရိုးပြုတ်နိုင်နိုင်ဖြင့် အရသာရှိအောင် ပြုလုပ်ထားသည်။

ယနေ့ နှစ်ပေါင်း(၃၀)ကြာလာသောအခါ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များတွင် ရောင်းနေသော အစားအသောက်အားလုံး ဝိတ်လျှော့လာကြသည်။ ပေါက်စီထဲတွင် အသားဆို၍ လောက်စာလုံးတစ်လုံးစာမျှလောက်သာပါပြီး ဂျုံအလုံးပေါင်းကို ပေါက်စီဟု ရောင်းနေကြသည်။ ဘဲဥနှင့်ဝက်အူချောင်းပါသော ဝက်ပေါက်စီဆိုသည်မှာ လုံးလုံးမရှိတော့ချေ။ ငကင်းတို့ငယ်စဉ်က ဘဲသားမုန့်ထဲတွင် အသားများ အပြည့်ပါသည်။ ယခု နာမည်ကြီးလက်ဖက်ရည်ဆိုင်မှ ဘဲသားမုန့်ပင် အသားစအနည်းငယ်သာ ပါပြီး ကြက်သွန်နီများနှင့် ဂျုံများသာ ပါတော့သည်။

ငကင်းတို့ ငယ်စဉ်က မုန့်ဟင်းခါးမှာ မြောင်းမြမုန့်ဟင်းခါးဆိုလိုက်သည်နှင့် ငါးခူ၊ ငါးကြင်း အဖတ်များ လှိုင်လှိုင်ပါပြီး ငါး၏အချိုဓာတ်အရသာအပြည့်ပါသည်။ ယနေ့မုန့်ဟင်းခါးဆိုသည်မှာ ငါးဆို၍ စတီမျှသာပါတော့ပြီး အချိုမှုန့်ဒလဟောဖြင့် ချက်ထားသောအချိုမှုန့်မုန့်ဟင်းခါးများသာ တွေ့ရတော့သည်။

ငကင်းတို့ အဘိုးအဘွားများက ဆုံဆီ၊ ပဲဆီ၊ နှမ်းဆီ အစစ်စားခဲ့ရသည်။ ငကင်းတို့လက်ထက်တွင် အတော်အသင့်ကောင်းသော ပဲဆီ စားခဲ့ရသေးသည်။ ယခုသော် မလေးရှားမှအညံ့ဆုံးစားအုန်းဆီများသာ စားရတော့သည်။

ယနေ့ မြန်မာပြည်မြို့ပြကျေးလက်များတွင် မြင်တွေ့နေရသော မြန်မာလူမျိုးအများစုသည် ကျန်းမာရေးနှင့်ညီညွတ်သည့်လက္ခဏာပျောက်ဆုံးနေကြသည့်သူများသည်။ လူငယ်များတွင်လည်း ကျားကျားလျားလျား သန်သန်မာမာ မြင့်မြင့်မားမား မတွေ့ရသလောက်ဖြစ်နေသည်။ ပိန်ပိန်ကပ်ကပ်နှင့် ပုပုဝဝနှစ်မျိုးသာ တွေ့ရသည်များသည်။ အသက်(၄၀)လောက်ရောက်သည်နှင့် ဖောင်းဖောင်းကားကားနှင့် ဖောရောင်နေသလို တွေ့နေရသည်။ အကြောင်းမှာ စားအုန်းဆီ၊ အချိုမှုန့်နှင့်ချက်သော ထမင်းဟင်းနှင့် အစားအသောက်များကို နေ့စဉ်နံနက်အိပ်ရာထသည်မှ ညစာအထိ စားသုံးနေသောကြောင့် ဖြစ်လိမ့်မည်။

အမျိုးသားအများစုသည် ညနေစောင်းသည်နှင့် ဘီယာဆိုင်၊ အရက်ဆိုင်သို့သာ ရောက်ကုန်ကြသည်။ ပြည်တွင်းဖြစ် ဖေ၊ ရွှေ အရက်သောက်လျှင် သောက်၊ ထိုမျှလောက် မတတ်နိုင်သူများက တောအရက်၊ အရက်ဆီများပင် သောက်ကြသည်။ ထိုအရက်များ သောက်ပြီး နှစ်အနည်းငယ်နှင့် သေကုန်ကြသည်။ သေမည်မှန်းသိလျက်နှင့် သိသိပင် သောက်ရင်း ကျေကျေနပ်နပ်ကြီးသေသွားကြသည်။ မသေသေးသူများကလည်း အရှေ့ကသေသွားသူများ အကြောင်းသိလျက်နှင့် သေချင်သေပါစေဆိုကာ ထိုအညံ့စားအရက်များကိုပင် နေ့စဉ်သောက်ရင်း အသေခံနေကြသည်။

ထို့ကြောင့် မြန်မာပြည်တွင် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမများ၊ အဖေမဲ့သူကလေးငယ်များ အလွန်များပြားလာနေသည်။

မြန်မာပြည်တွင် ပြည်သူအများစုမှာ ကျန်းမာရေးနှင့် မညီညွတ်မှန်းသိလျက်နှင့် အချိုမှုန့်နှင့်စားအုန်းဆီကို မရှောင်နိုင်ဘဲ အသေခံနေကြသည်။ အသည်းရောဂါ၊ အသည်းကင်ဆာ ဖြစ်မယ်မှန်းသိလျက်နှင့် အဆင့်အတန်းမမီသော အညံ့စားအရက်များသောက်ပြီး အသေခံနေကြသည်။ ဆေးလိပ်သောက်လျှင် အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ ဖြစ်မယ်မှန်းသိလျက်နှင့် အသေခံသောက်နေကြသည်။

ထိုသို့ ပြည်သူများ သေမယ်မှန်းသိလျက်နှင့် အသက်နှင့်ရင်းပြီး စားအုန်းဆီ၊ အချိုမှုန့်၊ အရက်ဆိုး၊ ဆေးလိပ် စသည်တို့ကို သုံးစွဲပြီး အသေခံနေကြသည့် အကြောင်းတရားကို သေချာစွာလေ့လာသုံးသပ်ကြည့်သောအခါ ဆင်းရဲနွမ်းပါးမှုနှင့် စီးပွားရေးအဆင်မပြေမှုက အဓိကဖြစ်သည်။

စားအုန်းဆီတစ်ပိဿာသည် (၂၅၀၀)ကျပ် ရှိသော်လည်း ပဲဆီစစ်စစ်တစ်ပိဿာလျှင် (၆၀၀၀)ကျပ် ဖြစ်နေသည်။ စူပါမားကက်များတွင်ရောင်းသော ဟင်းရွက်ဆီ၊ နေကြာဆီ (၅၀)ကျပ်သားတစ်ပုလင်းမှာ (၂၅၀၀)ကျပ်ခန့် ရှိသည်။ ကျန်းမာရေးနှင့် အညီညွတ်ဆုံးဆိုသော ကမ္ဘာ့ထိပ်သီးနိုင်ငံများတွင် စားသုံးနေသော သံလွင်ဆီ(၅၀)ကျပ်သားတစ်ပုလင်းမှာ မြန်မာကျပ်ငွေ (၁၅၀၀၀)ခန့်မျှအနိမ့်ဆုံးရှိသည်။ ထို့ကြောင့် မြန်မာလူမျိုး (၉၀)ရာခိုင်နှုန်းမှာ သံလွင်ဆီနှင့် ပဲဆီစစ်စစ်စားသုံးဖို့ဆိုသည်မှာ အလှမ်းကွာဝေးနေသည်။ ဆီတစ်ပုလင်းအတွက် (၅၀၀၀)၊ (၁၀၀၀၀) မည်သည့်မြန်မာအခြေခံလူတန်းစားကမျှ သုံးစွဲနိုင်မည်မဟုတ်ချေ။ ဝက်သားတစ်ပိဿာ (၈၀၀၀)ကျပ်၊ ဆိတ်သားတစ်ပိဿာ (၁၀၀၀၀)ကျပ်၊ မွေးမြူရေးကြက်တစ်ပိဿာ (၇၀၀၀) ကျပ်၊ မြန်မာကြက်တစ်ပိဿာ (၁၀၀၀၀)ကျပ်ဖြစ်နေသည့်အတွက် မိသားစုထမင်းစားဝိုင်းတွင် ဝက်သားတစ်တုံးထက် ပိုမစားနိုင်တော့ပါ။ ကြက်ဥတစ်လုံး (၁၂၀)၊ ဘဲဥတစ်လုံး (၁၅၀)ဖြစ်နေသည့်အတွက် ဘဲဥအချဉ်ဟင်းပင် အနိုင်နိုင်စားနေရသည်။ ကန်စွန်းရွက်တစ်စည်း (၂၀၀)ကျပ်ဖြစ်နေသည့်အတွက် ကန်စွန်းရွက်ကြော်ပင် အဝအလင်မစားနိုင်ကြတော့ချေ။

ထို့ကြောင့် မြန်မာလူမျိုးများ အများစုမှာ ကြုံလှီသေးကွေးလာကြသည်။

မြန်မာတစ်နိုင်ငံလုံး၏ ကျန်းမာရေးအဆင့်အတန်းနှင့် ကိုယ်လုံးကိုယ်ထည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း (၃၀)ကထက် ပိုမိုသေးကွေးလာနေသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ကြည့်လိုက်လျှင် မြန်မာလူမျိုးတို့၏ အရပ်အမောင်းနှင့် ကိုယ်နေကိုယ်ထားကို ခန့်မှန်း၍ ရသည်။ မြန်မာနှင့် ထိုင်း၊ မြန်မာနှင့် မလေးရှား၊ မြန်မာနှင့် အင်ဒိုနီးရှား ဘောလုံးပွဲများကို တီဗီတွင် ကြည့်လိုက်လျှင် သေးသေးကွေးကွေးဖြစ်နေသည့်အသင်းသည် မြန်မာအသင်းဟု တစ်ထစ်ချပြော၍ရသည်။



အိမ်နီးချင်း ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံများတွင် အစားအသောက် ဝဝလင်လင်နှင့် ကျန်းကျန်းမာမာစားသောက်နိုင်ပါလျက် မြန်မာပြည်တွင် ပြည်သူများ အဘယ်ကြောင့် ကျန်းမာရေးနှင့် မညီညွတ်သောအစားအသောက်များကိုစားနေကြပြီး အာဟာရဝဝလင်လင်မရှိကြသည်မှာ **စီးပွားရေးအဆင်မပြေမှုနှင့် နိုင်ငံကိုအုပ်ချုပ်လာကြသော အစိုးရများ၏ မူဝါဒများနှင့် လုံးဝသက်ဆိုင်နေပါသည်။**

### ပင်လယ်ပေါ်မေးတင်၍ မြစ်ချောင်းများအပေါ် ခွထိုင်ထားသော်လည်း ငတ်နေသော မြန်မာပြည်

မြန်မာပြည်သည် ပင်လယ်ကမ်းရိုးတန်း မိုင်ပေါင်း(၁၂၀၀)ကျော်ပေါ်တွင် မေးတင်နေသော နိုင်ငံတစ်ခုဖြစ်ပါလျက်နှင့် ရေထွက်အစားအသောက်များ ဝဝလင်လင်မစားရသောနိုင်ငံ ဖြစ်နေသည်။ ရေချိုမြစ်ကြီးဖြစ်သော ဧရာဝတီသည် မိုင်ပေါင်း (၁၃၄၈)မိုင် ရှည်လျားသော မြစ်ကြီးဖြစ်သည်။ ချင်းတွင်းမြစ်၊ ရွှေလီမြစ်၊ တပိန်မြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ် စသော ရေချိုမြစ်ကြီးများလည်းစီးဆင်းရာဒေသဖြစ်သည်။ ထိုသို့ ရေချိုမြစ်ချောင်း၊ အင်းအိုင်အမြောက်အမြားရှိပါလျက်နှင့် ရေချိုငါး ပေါပေါများများ မစားရသောနိုင်ငံ ဖြစ်နေသည်။ မွေးမြူရေးအတွက် မြေဧရိယာအလုံအလောက် ရှိပါလျက်နှင့် အသားငါး အလွန်ရှားပါးဈေးကြီးသောနိုင်ငံ ဖြစ်နေသည်။

### အာရှတိုက်၏ စပါးကျီပေါ်မှ ထမင်းမဝသော နိုင်ငံ

စိုက်ပျိုးမြေအများအပြား ရှိပါလျက်နှင့် စပါး၊ သီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် ပေါပေါများများ မစားသောက်ရသော နိုင်ငံဖြစ်နေသည်။

အထက်ပါအခက်အခဲအားလုံးကို ကျော်လွှားနိုင်ရန် မြန်မာပြည်သည် စိုက်ပျိုးမွေးမြူရေးတော်လှန်ရေးကြီးတစ်ရပ် ဆင်နွှဲဖို့ လိုနေပါသည်။

လူ့ဘဝတွင် အရေးအကြီးဆုံးမှာ စားဝတ်နေရေးဖြစ်ရာ အစားအသောက်မှာ ထိပ်ဆုံးက အရေးအကြီးဆုံး ဖြစ်သည်။ အစားအသောက်ဝဝလင်လင်မစားသောက်ရခြင်းသည် လူဖြစ်ရကျိုး နှုံးခြင်းဖြစ်သည်။ ယခုအတိုင်း မြန်မာလူမျိုးများ ဆင်းဆင်းရဲရဲဖြင့် မဝမလင် စားသောက်နေထိုင်သွားကြမည်ဆိုလျှင် နောင်အနှစ်(၂၀)လောက်တွင် မြန်မာလူမျိုးတို့၏ကိုယ်လုံးကိုယ်ထည်နှင့် အရပ်အမောင်းမှာ ကမ္ဘာတွင် အသေးဆုံးအညှက်ဆုံးနှင့် မကျန်းမာဆုံးလူမျိုး ဖြစ်လာတော့မည်။

### ကမ္ဘာ့နံပါတ်နှစ် ကင်ဆာနိုင်ငံ

ယနေ့တွင်ပင် မြန်မာပြည်သည် ကမ္ဘာ့နိုင်ငံ (၂၀၀)ကျော်တွင် ဒုတိယကင်ဆာရောဂါအဖြစ်ပွားဆုံးနိုင်ငံဖြစ်နေသည်။ ၂၀၁၂ ခုနှစ် တစ်နှစ်ထဲမှာပင် မြန်မာပြည်၌ ကင်ဆာရောဂါဖြစ်ပွားသူ (၆၄၀၀၀) ရှိခဲ့သည်။ အဓိက မှာ စားအုန်းဆီ၊ မှိုတက်ငရုတ်သီး၊ ဆေးလိပ်နှင့် ကွမ်းယာတို့ကြောင့် ဖြစ်သည်။

### ကမ္ဘာ့အဆင့် (၁၈) အသည်းရောဂါနိုင်ငံ

မြန်မာပြည်သည် အသ

www.free4readers.com

# Editorial

## သွေးနဲ့သံနဲ့မှ သွေးမဲ့သံမဲ့ဘဝ

ရခိုင်အရေးကိစ္စ(ဩဂုတ် ၂၅)လွန်လာပြီးတဲ့အခိုက်မှာ ပြည်တွင်း၊ ပြည်ပအခြေအနေတွေ အများကြီးပြောင်းလဲလာပါတယ်။ အထူးသဖြင့် ပြည်ပနိုင်ငံတွေရဲ့သဘောထားနဲ့ အမြင်တွေဟာ ထိုးနှက်မှုဖြို့ခွဲမှုအသွင်သဏ္ဍာန်တွေကို ဖော်ဆောင်လာပါတယ်။ ယနေ့ထက်ထိ မပြီးပြတ်သေးတဲ့ အကြမ်းဖက်မှုရဲ့ပုံရိပ်များနဲ့ အရေးယူပိတ်ဆို့မှုအချို့ရဲ့ကြားမှာ ဒီမိုကရေစီနိုင်ငံတစ်ခု လူးလွန့်လှုပ်ရှားနေရတာဟာ ခက်ခဲလှပါတယ်။ တော်ရုံတန်ရုံဦးဆောင်မှုမျိုး၊ အခွင့်အလမ်းနဲ့အာဏာကိုသာ အဓိကဦးတည်ချက်ထားတဲ့ အပေါ်ယံနိုင်ငံရေးခေါင်းဆောင်မှုမျိုးသာဆိုရင် ဒီထွန်းသစ်စနိုင်ငံငယ်လေးဟာ မုန်တိုင်းထဲမှာ၊ မီးလျှံထဲမှာ ပျံသန်းနေရတဲ့မုန် တိုင်းငှက်ငယ်၊ မီးလျှံငှက်ငယ်ရဲ့ဘဝပါ။ ယနေ့သတင်းစာမှာ မစ္စတာဆူရာကီယတ်ဆတ်သီယာထိုင်းဦးဆောင်တဲ့ အဖွဲ့ဝင် ၁၀ဦးပါဝင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏အကြံပေးအဖွဲ့နဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်တို့ ဆွေးနွေးပွဲတွေတွေ့ရပါတယ်။ ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး)ပြောတဲ့စကားထဲမှာလည်း"မိမိတို့နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာက စိတ်ဝင်စားမှုကြီးမားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုများပြားကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် မိမိနိုင်ငံကို ပုံဖော်ရာ၌ နိုင်ငံပိုင်မီဒီယာက ကောင်းစွာပုံဖော်နိုင်မှုအားနည်းကြောင်း၊ ပုဂ္ဂလိကသတင်းစာများမှာ သက်တမ်းအားဖြင့် သုံးလေးငါးနှစ်သာရှိသေးကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမီဒီယာများလက်ထဲတွင် မိမိတို့နိုင်ငံကို ပုံဖော်ရန်ထိုးအပ်ထားရသကဲ့သို့ ဖြစ်နေကြောင်းဆိုတဲ့ အခြေအနေမှန်၊ ဖြစ်ရပ်မှန်တွေကို အမှန်အတိုင်းဖွင့်ဟပြောကြားသွားတာတွေ့ရပါတယ်။ တကယ်လည်း ဒီမိုကရေစီဝါဒပုံဖော်ကာစ နိုင်ငံတစ်ခုမှာ လူတိုင်းလူတိုင်း အတွေးအခေါ် အမြင်သဘောထားကို ရုတ်ချည်းမြင့်တင်ကြည့်နိုင်ဖို့ ချက်ချင်းအကဲဖြတ်သုံးသပ်ဆင်ခြင်တတ်ဖို့ဆိုတဲ့အထိ ပြောင်းလဲသွားနိုင်ဖို့မလွယ်ကူပါ။ မိမိတို့ရဲ့စိတ်ထားအဟောင်း၊ သဘောထားအဟောင်း၊ အမြင်ဟောင်းတွေကို အခုခေတ်နဲ့အညီ ပုံဖော်ဆက်စပ်စဉ်းစားလုပ်ကိုင်ဖို့ဆိုတာ ကိုယ်ပိုင်အတွေးအမြင်ရင့်ကျက်မှုတဖို့ အလွန်ပဲအရေးကြီးပါတယ်။ အထူးသဖြင့်နိုင်ငံရေးအတွေးအခေါ် အမြင်မျိုးစုံဗဟုဝါဒအဖြစ် ကိုင်စွဲကျင့်သုံးဖို့ ရွေးချယ်ထားစဉ်မှာ မိမိရဲ့ဝါဒ၊ မိမိရဲ့သဘောထား၊ မိမိရဲ့အတွေးအခေါ် အယူအဆက ပိုအရေးကြီးသလား၊ နိုင်ငံသစ်တစ်ခုအတွက် ပုံဖော်ရာမှာ အထောက်အကူဖြစ်စေနိုင်တဲ့ အတွေးအခေါ်၊ အယူအဆ၊ သဘောထား၊ အမြင်တွေက အရေးကြီးသလားဆိုတာကို ပြန်စဉ်းစားဖို့လိုပါတယ်။

ရသေ့တောင်၊ မြောက်ဦးက ယခုလတ်တလောဖြစ်စဉ်များဟာ နှလုံးသားကြီးမားရင့်ကျက်နေဖို့ တစ်ခုတည်းသာမက၊ မြန်မာ့လူ့ဘောင်သမိုင်းနဲ့ နိုင်ငံရေးဗေဒ ကျွမ်းကျင်နှံ့စပ်ရင့်ကျက်မှုကလည်း အထူးအရေးပါပါတယ်။ မိမိတို့လိုအပ်တဲ့ မိမိတို့ပြောချင်တဲ့ အကြောင်းအရာ၊ သဘောထား၊ ဆန္ဒတွေကို စနစ်တကျဖော်ထုတ်ဖို့ အခြားသောအခွင့်အလမ်းပေါင်းများစွာရှိနေပါသေးတယ်။ ကျွန်ုပ်တို့ကိုယ်နှိုက်လည်း လူ့ဘောင်သမိုင်း၊ လူမျိုးသမိုင်းစသည်တို့ကို ဝိုင်းဝန်းပြုစုပုံဖော်ရာမှာ "ဆန္ဒ"ကိုအခြေခံထားတာမျိုးမဟုတ်ဘဲ နိုင်ငံသစ်တစ်ခု၊ စနစ်သစ်တစ်ခုရဲ့ ဖြတ်သန်းနိုင်တဲ့အား၊ ပျံသန်းနိုင်တဲ့စွမ်းရည်ပမာဏတွေအပေါ်မှာ ချိန်ဆပြီး မချင့်မရဲနဲ့ ပါဝင်ပတ်သက်နေရသူများဖြစ်ပါတယ်။ ထုထည်ပမာဏကြီးမားနက်ရှိုင်းလှတဲ့ အရိုးစွဲနေတဲ့အယူအဆ၊ ဝါဒ၊ အတွေးအခေါ်ဟောင်းတွေကိုခွာချပြီး စနစ်တကျမှန်ကန်နိုင်တဲ့ အထောက်အထားပေါင်းများစွာနဲ့ တူးဖော်တည်ဆောက်ရမယ့် ဒီနိုင်ငံတော်သစ်ထဲမှာ စွန့်ခွာနိုင်မယ့်ကိစ္စတွေကို စွန့်ခွာရမှာပါ။ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ရသေ့တောင်၊ မြောက်ဦးအဖြစ်အပျက်များပေါ်က အထူးတလည်သင်ခန်းစာယူကြရမှာက "သွေးနဲ့သံဝါဒ"ကို မြင်တတ်ကြည့်တတ်ရင် ပိုကောင်းမွန်မှာပါ။ ကျွန်ုပ်တို့ခင်ဗျားတို့ရဲ့ "သွေးမဲ့ သံမဲ့ဝါဒ"ကို တစ်လှမ်းချင်း၊ တစ်လှမ်းချင်းဆီ အားယူပြီးချီတက်တဲ့နေရာမှာ ကျွန်ုပ်တို့သူရိယနေဝန်းဂျာနယ်ရဲ့ အမြင်သဘောထားတွေကိုလည်းအမြဲကြည့်ပြီး နေထွက်ရာဘက်ကို အရှေ့အရပ်လို့ မျက်နှာမူပြီး နိုင်ငံကိုလှည့်ကြည့်ပေးလိုက်ပါလို့ အကြံပြုပါရစေ။

♦အယ်ဒီတာအဖွဲ့♦




□ ဒေါက်တာလွင်သန့်

## ယာဉ်မတော်တဆမှုလျော့ကျရေး

မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်က စတင်ပြီးမော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာမူဝါဒပြောင်းလဲချမှတ်ခဲ့ရာ မော်တော်ယာဉ်စီးရေ တစ်ဟုန်ထိုးလျင်မြန်စွာ တိုးတက်များပြားလာခဲ့ပြီး ယာဉ်တိုက်မှုဒဏ်ရာရရှိမှုနဲ့သေဆုံးမှုတွေ လိုက်ပြီးတိုးတက်မြင့်မားလာပါတယ်။ ယာဉ်တိုက်မှုတွေ လျော့နည်းကျဆင်းရေးအတွက် မြန်မာနိုင်ငံယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် ၂၀၁၄-၂၀၂၀ ကိုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပေမယ့် စီမံချက်ရေးဆွဲခဲ့တဲ့ ၂၀၁၃ မှ ၂၀၁၆ ခုနှစ်အထိ ယာဉ်တိုက်မှုအခြေအနေတွေ နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။

၂၀၁၃ ခုနှစ်မှာ ယာဉ်တိုက်မှု(၁၃၉၁၂)မှု၊ ဒဏ်ရာရ(၂၃၇၈)ဦး၊ သေဆုံး(၃၇၂)ဦးရှိပြီး ၂၀၁၄ခုနှစ်မှာ ယာဉ်တိုက်မှု(၁၄၉၉၇)မှု၊ ဒဏ်ရာရ(၂၄၉၃၂)ဦး၊ သေဆုံး(၄၁၁၃)ဦး၊ ၂၀၁၅ခုနှစ်မှာ ယာဉ်တိုက်မှု(၁၅၈၅၉)မှု၊ ဒဏ်ရာရ(၂၆၆၃၀)ဦး၊ သေဆုံး(၄၃၇၅)ဦး၊ ၂၀၁၆ခုနှစ်မှာ ယာဉ်တိုက်မှု(၁၇၃၈၄)မှု၊ ဒဏ်ရာရ(၂၇၇၆၃) ဦး၊ သေဆုံး(၄၈၈၇)ဦးရှိပြီး ၂၀၁၇၊ ဩဂုတ်လအထိ ယာဉ်တိုက်မှု(၁၂၂၅၀)မှု၊ ဒဏ်ရာရ(၁၉၈၁၇)ဦး၊ သေဆုံး(၃၅၅၆)ဦးရှိနေပါတယ်။ ၂၀၁၇ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်မတော်တဆမှုကြောင့်တစ်ရက်မှာ (၁၄. ၈)ဦးသေဆုံးနေကြောင်း တွေ့ရပါတယ်။ မော်တော်ဆိုင်ကယ်ကြောင့် (၄၈. ၈၅)ရာခိုင်နှုန်းပါဝင်နေကြောင်း သိရပါတယ်။

စုစုပေါင်း(၃၂၂)မိုင်(၆)ဖာလုံရှည်တဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို ၂၀၀၅ခုနှစ်ကစပြီး စတင်ဖောက်လုပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာ(၂၉)ရက်မှာ အသုံးပြုလာနိုင်ပြီးတဲ့နောက် အချိန်နဲ့ငွေကြေးသက်သာစွာ ခရီးသည်တွေသက်သောင့်သက်သာသွားနိုင်လို့ အကျိုးရှိလှသလို ယာဉ်မတော်တဆမှုတွေလည်း တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက် တစ်နှစ်များလာပါတယ်။ ၂၀၁၂ခုနှစ်မှာ ယာဉ်မတော်တဆမှု(၁၀၃)မှု၊ သေဆုံးသူ(၅)ဦး၊ ဒဏ်ရာရ(၁၈၆)ဦးသာရှိရာမှ ၂၀၁၃ ခုနှစ်မှာ ယာဉ်မတော်တဆမှု(၂၅၉)မှု၊ သေဆုံးသူ (၁၁၃)ဦး၊ ဒဏ်ရာရသူ(၆၂၂)ဦး၊ ၂၀၁၄ ခုနှစ်မှာ ယာဉ်မတော်တဆမှု(၄၁၂)မှု၊ သေဆုံးသူ(၁၅၇)ဦး၊ ဒဏ်ရာရသူ (၇၆၆)ဦး၊ ၂၀၁၅ ခုနှစ်မှာ ယာဉ်မတော်တဆမှု(၄၅၃)မှု၊ သေဆုံးသူ(၁၂၄)ဦး၊ ဒဏ်ရာရသူ(၁၀၃၃)ဦး၊ ၂၀၁၆ ခုနှစ်မှာ ယာဉ်မတော်တဆမှု(၇၄၄)မှု၊ သေဆုံးသူ(၁၆၇)ဦး၊ ဒဏ်ရာရသူ(၁၃၀၀)ဦးအထိ များပြားခဲ့သည်။

ယာဉ်မောင်းသူ တွေအနေနဲ့အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးစိတ်ကြွဆေးသုံးပြီးမောင်း နှင်ခြင်း၊ လက်ကိုင်ဖုန်း ပြောဆိုခြင်းမရှိစေရေးအတွက် စီမံချက်ချမှတ်ပြီးပူးပေါင်းစစ်ဆင်ရေးအဖွဲ့တွေနဲ့ ပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်အရေးယူခြင်းတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးစဉ်ထွက်ခွာမယ့်ခရီးသည်ပို့ဆောင်ရေးယာဉ်တွေကို စစ်ဆေးလျက်ရှိရာ ၂၀၁၆ ခုနှစ် မေ လမှ ၂၀၁၇ ခုနှစ်ဧပြီလ အထိ ယာဉ်ပေါင်း (၁၄၂, ၄၁၆)စီးစစ်ဆေးနိုင်ခဲ့ကြောင်း ပို့ဆောင်ဆက်သွယ်ရေးဒုဝန်ကြီးဦးကျော်မျိုးက ဆိုတယ်။ အမြန်လမ်းက မတော်တဆအဖြစ်ဆုံးမှာကိုယ်ပိုင်ယာဉ်၊ ဒုတိယလိုက်ထရပ်၊ တတိယစီးနင်းခွင့်မပြုတဲ့ ဆိုင်ကယ်တွေဖြစ်တယ်လို့ သိရပါတယ်။

ယာဉ်မတော်တဆမှုတွေမှာ အိမ်စီးကားတွေအဆင်မခြင်မောင်းနှင်မှု၊ မတော်တဆယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုတွေကြောင့်ဖြစ်ပွားတာအများဆုံးဖြစ်တယ်။ အမြန်လမ်းမှာ အိမ်စီးကားကို ကီလိုမီတာ (၁၀၀) အောက်သတ်မှတ်ထားရာ တစ်နာရီလျှင်ကီလိုမီတာ(၁၂၀/၁၅၀)ထိ မောင်းရင်ညဘက်တွေမှာ တစ်ဖက်ကလာတဲ့ကားမီး၊ နေ့ဘက်တွေမှာ လမ်းကွေ့၊ လမ်းဘေးသစ်ပင်အားလုံးက မြင်ကွင်းမပြောင်းလို့ ငြီးငွေ့ပြီး အိပ်ငိုက်လာတာ ယာဉ်မတော်တဆမှုဖြစ်ရကြောင်း၊ ယာဉ်မတော်တဆမှုရဲ့ ၆၀ရာ ခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်းက လူကြောင့်ဖြစ်ကြောင်း၊ ဒုတိယက လမ်းကြောင့်၊ တတိယက ယာဉ်ကြောင့် အများဆုံးဖြစ်တယ်လို့ ဆိုတယ်။ ခြံစည်းရိုးကာရံဖို့ ညဘက်မီးထွန်းဖို့ အချို့ဆိုင်ကယ်များ လူ၊ တိရစ္ဆာန်ဖြတ်သန်းသွားလာခြင်းရှိနေလို့ ယာဉ်မတော်တဆဖြစ်ပွားရခြင်းဖြစ်နေတယ်။ ဆင်ခြင်ဖို့လိုအပ်ပါတယ်။

လူရဲ့ပေါ့ဆမှုမှ ကာကွယ်ဖို့ အဝေးပြေးလမ်းမောင်းရင် အရက်သောက်ထားခြင်း၊ မူးယစ်ဆေးဝါးစိတ်ကြွဆေး သောက်သုံးထားခြင်း ရှိ မရှိ ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်း၊ အရက်မူးနှုန်းတိုင်းတာခြင်း၊ ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ ဘရိတ်၊ ကလပ်ကောင်း၊ မကောင်း၊ လေအိတ်ပွင့်၊ မပွင့်၊ ခါးပတ်တပ်ထားခြင်း ရှိ၊ မရှိ တစ်နာရီသတ်မှတ်ကီလိုမီတာအတိုင်း မောင်းနှင်မှု ရှိ၊ မရှိ စစ်ဆေးပြီး မသက်ရင် ယာဉ်ရပ်နားထားခြင်း၊ ယာဉ်မောင်းလဲပေးခြင်း၊ ယာဉ်ကြံ့ခိုင်မှုပြန်လည်စစ်ဆေးခြင်းတွေ လုပ်ဆောင်သင့်တယ်။ ဒဏ်ရိုက်သင့်တယ်။

လမ်းအခြေအနေ တိုးတက်ကောင်းမွန်စေဖို့ ယာဉ်တိမ်းမှောက်ပြီးတိုင်း၊ လမ်းပိုင်းပြုပြင်ထိန်းသိမ်းရပါတယ်။ ယာဉ်မတော်တဆမှုတိုင်းမှာ လမ်းကြံ့ခိုင်မှု ထိခိုက်စေနိုင်တယ်။ လမ်းပိုင်းလိုအပ်ချက်များလာတာတွေ့ရင် ပြင်ဆင်သင့်တယ်။ သတိပေးဆိုင်းဘုတ် ပြုပြင်ရေးသားရမယ်။ တံတားတွေမှာ ဆိုလာစနစ်သုံး "ည"မီးအလင်းရောင်ရှိရမယ်။ အမြန်လမ်းမကြီးတစ်လျှောက်ကျောက်မီးတိုင်တွေနဲ့ မီးလင်းစေသင့်တယ်။ လမ်းပိုင်းများ ကွန်ကရစ်ပေါ်က ကတ္တရာထပ်ပိုးလွှာတင်သင့်တယ်။ တိရစ္ဆာန်လွှတ်ကျောင်းတာ၊ ဆိုင်ကယ်စီးတာတွေ ဒဏ်ရိုက်သင့်တယ်။ ယာဉ်အို၊ ယာဉ်ဟောင်း၊ အောက်ပိုင်းမကြံ့ခိုင်ရင် မမောင်းစေသင့်ပါဘူး။ ယာဉ်ကြံ့ခိုင်မှုကို နေ့စဉ်၊ နှစ်စဉ်စစ်ဆေးပေးရမယ်။ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်စစ်ဆေးပေးရမယ်။

ယာဉ်ပိုင်အနေနဲ့ အချက်ပြမီး၊ ဘရိတ်မီးစနစ်ကောင်း၊ မကောင်း၊ ဘီးနှင့်တာယာရဲ့ ပန်းအခြေအနေဘရိတ်၊ ကလပ်အခြေအနေ၊ မော်တော်ယာဉ်အောက်ပိုင်းအခြေအနေ စစ်ဆေးပေးသင့်သလို တန်ပို၊ ဝန်ပိုသယ်ဆောင်ခြင်းခွင့်မပြုသင့်ပါဘူး။ အရေးယူရပါတယ်။ ယာဉ်မောင်းအပါအဝင်၊ စီးနင်းသူအားလုံး ခါးပတ်ပတ်ထားရမယ်။ ယာဉ်နဲ့ယာဉ်မောင်းဟာလုံလောက်တဲ့နားနေမှုရှိရမယ်။ ယာဉ်ရပ်နားစခန်းမှာ လူရော၊ ယာဉ်ပါ နာရီဝက်မဖြစ်မနေနားပေးသင့်တယ်။

ယာဉ်မတော်တဆမှုကို ပညာပေးကာလ၊ ပြင်ဆင်ချိန်ကာလ၊ အရေးယူ အပြစ်ပေးခြင်းကာလတို့နဲ့ ချဉ်းကပ်ရမယ်။ 5-E ဖြစ်တဲ့ (၁)ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးခြင်း (Education)၊ (၂)စက်မှုပိုင်းစစ်ဆေးခြင်း (Engine)၊ (၃)ပတ်ဝန်းကျင်ကို ထိခိုက်ခြင်း(Environment)၊ (၄)အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု(Emergency Medical Care)၊ (၅)ပြည်သူတွေဆုပေးဒဏ်ပေးစနစ်(Enforcement)တို့ပါဝင်တယ်။

ပညာပေးခြင်း(Education)မှာ ယာဉ်မောင်းများ လမ်းဖြတ်ကူးသူများ ဆိုင်ကယ်၊ သုံးဘီးယာဉ်၊ နွားလှည်းကျောင်းသားများပါဝင်ပါတယ်။ စက်မှုပိုင်း(Engine)မှာ လမ်းဖောက်တံတားဆောက်တဲ့အခါ အင်ဂျင်နီယာအမြင်နဲ့ ဆောင်ရွက်ဖို့လိုပါတယ်။ စီစီတီဗီ(CCTV)နဲ့မှတ်တမ်းတင်ထားရမယ်။ ယာဉ်အို၊ ယာဉ်ဟောင်း မမောင်းသင့်ပါဘူး။ ပြင်ဆင်ဖို့အစားထိုးသင့်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှု(Environment)များ မီးခိုးနဲ့၊ ဆီနံ့အလွန်ထွက်တဲ့ကားတွေ၊ နှစ်လွန်ကားတွေပုံမှန် လက်ခံအပ်နှံဖို့လိုအပ်တယ်။ အောက်ပိုင်းပျက်စီးနေတဲ့ ယာဉ်တွေ၊ မကောင်းတာတွေလည်း ပစ်ရမယ်။ အရေးပေါ်ကုသမှု(Emergency Medical Care)များများထားပေးမယ်။ အရေးပေါ်အချိန်မီအသက်ကယ်နိုင်ရမယ်။ ဆုပေးဒဏ်ပေးခြင်း(Enforcements)က ဖိအားပေး(Pressure) အရေးယူဖို့လိုပါတယ်။ ရေတိုမဟုတ်ရေရှည်ဖြစ်သင့်ပါတယ်။

မြန်မာနိုင်ငံမှာ ယာဉ်မတော်တဆမှုတွေကြောင့် နေ့စဉ်လူ(၁၄. ၈)ဦး အသက်ဆုံးရှုံးနေရာ နိုင်ငံတကာစံနှုန်းထက်များနေတယ်။ ကုလသမဂ္ဂ ယာဉ်/လမ်းဆိုင်ရာအဖွဲ့အစည်း၊ စုဖောင်ဒေးရှင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ရဲ့အကူအညီနဲ့လုပ်ကိုင်ဆောင်ရွက်နေသလို ယာဉ်မတော်တဆမှုလျော့ပါးရေးစီမံချက်ချဆောင်ရွက်ဖို့ လိုအပ်နေပြီပဲဖြစ်ပါတယ်။ အမြန်လမ်း၊ ရန်ကုန်မြို့တွင်း လမ်းအပြင်၊ မြန်မာနိုင်ငံတစ်ဝန်းလုံးက လမ်းတွေမှာ ယာဉ်မတော်တဆမှု လျှော့ချရေးစီမံချက်နဲ့ တစ်ပြေးညီဆောင်ရွက်သင့်ပြီပဲဖြစ်ပါတယ်။

♦ဒေါက်တာလွင်သန့်♦

သူရိယနေဝန်း
THE SUN RAYS

အမှတ်(၀၉၀၃/ဘီ)၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ် (ကမ္ဘောဇဘဏ်အနီး)၊ More & More Gold and Jewellery ဆိုင်ဘေးလှေကားမှဝင်၍ ဓာတ်လှေကားဖြင့် ၉ လွှာသို့တက်ပါ။
ဖုန်း-၀၉-၂၅၄၀၁၂၇၂၂၊ ၀၉-၇၉၆၇၅၂၀၁၃၊
email.thesunraynews@gmail.com

ထုတ်ဝေသူ
ဦးခင်အေး
(၀၀၄၉၈)

ဖြန့်ချိရေး
ကျော်တင့်

ဥပဒေရေးရာအကြံပေး
တင်သန်းဦး

ပုံနှိပ်
ပြည်အေး - ပုံနှိပ်တိုက်

တာဝန်ခံအယ်ဒီတာ
အရေးတော်ပုံတပ်သားမင်းဒင်

ပုံနှိပ်သူ
ဦးခွန်ပြည်အေး(၀၀၇၉၂)
အမှတ် - ၂၆၃၊ YMCAဝင်း
(၉)ရပ်ကွက်၊ ဗိုလ်တထောင်။

သူရိယနေဝန်းဂျာနယ်ပါဓါတ်ပုံများကို အင်တာနက်မှ ကူးယူဖော်ပြပါသည်။

www.free4readers.com

# နှစ်ဖက်အပြန်အလှန်ထားရှိသောကတိကဝတ်များကိုစောင့်ထိန်းကြမှသာ သမိုင်းရှည်ကြာ ဖြစ်ပွားခဲ့သောစစ်ရေးပဋိပက္ခများအဆုံးသတ်နိုင်မည်

ဇင်လင်း



ကုန်လွန်ခဲ့သော ၂၀၁၇ခုနှစ်၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုရလဒ်များကို ပြန်လည်သုံးသပ်ကြည့်ပါက တိုးတက်မှုများ အထိုက်အလျောက်ရှိသကဲ့သို့ ဆုတ်ယုတ်မှုများလည်းရှိခဲ့သည်။ ၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟုအစိုးရက သတ်မှတ်ခဲ့သော်လည်း တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းက ဆန့်ကျင်ဘက်ရလဒ်များဖြစ်ပေါ်ခဲ့သည်။ အစိုးရက ငြိမ်းချမ်းရေးရရှိရေးအတွက် အထူး ဝီရိယစိုက်ထုတ်လုပ်ဆောင် နေသော်လည်း၊ တပ်မတော်ကစစ်ဆင်ရေးများ ယာယီမျှပင် ရပ်ဆိုင်းမှုမရှိသောကြောင့် တိုင်းရင်းသားပြည်သူ လူထုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကျဆင်းလာနေသည်။ နိုင်ငံသူ နိုင်ငံသားအများစုက ပုထုဇဉ်လူသားများပီပီအစိုးရသစ် အပေါ်အားမလို အားမရဖြစ်ကြသော်လည်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသည် အာဏာ အပြည့်အဝမရှိသည်ကို ပြည်သူလူ ထုကသိရှိနေကြ၍ပြင်းထန်သော ပြစ်တင်ဝေဖန်မှုမျိုးကိုမူ ရှောင်ကြဉ်ကြကြောင်း တွေ့ရသည်။ အထူးသဖြင့် NLD အစိုးရသည် အစိုးရ တာဝန် အုပ်ချုပ်မှုအာဏာကိုလွှဲ ပြောင်းရယူခဲ့သည်မှာ နှစ်နှစ်တာမျှရှိပြီဖြစ်သော်လည်း ရာနှုန်းပြည့် အာဏာပိုင်မဟုတ်ကြောင်းပြည်သူလူထုကသိနေကြသည်။ စစ်အစိုးရ ရေးဆွဲခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်း ပုံအခြေခံဥပဒေ၏ ဒီမိုကရေစီနည်း မကျမှုကြောင့် အုပ်ချုပ်ရေးအာဏာ၏ လေးပုံတစ်ပုံကို စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များအား ခွဲဝေပေးထားရသည့်အချက်ကို နိုင်ငံသူနိုင်ငံသားအများစုကသိနေသည်။ ထို့ပြင် အစိုးရအဖွဲ့၏ အုပ်ချုပ်ရေး ယန္တရားအတွင်း၌ ပါဝင်နေသည့် အရာထမ်းအမှုထမ်းအများစုသည်စနစ်ဟောင်းဖြင့် အသားကျနေခဲ့သူများဖြစ်၍လုပ်ပိုင်ခွင့်အာဏာနှင့် ပွင့်လင်းမြင်သာစွာ တာဝန်ခံမှုတို့ကို ခွဲခြားသိရှိသူကအလွန်နည်းသည်။

ယင်းသို့သောအနေအထားများကြောင့် အစိုးရကငြိမ်းချမ်းရေးနှင့် ပြည်သူလူထု၏ စီးပွားရေးဘဝ အတွက် ကြိုးပမ်းသမျှ သဲထဲရေသွန်ဖြစ်နေရသည်။ အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရာ၌ အရာထမ်းအမှုထမ်းများကရိုးရိုးသားသား ကြိုးကြိုးစားစား လက်တွဲပါဝင်ကြဖို့လိုသည်။ လက်ရှိအရာထမ်းအမှုထမ်းအများစုသည် အနိမ့်ဆုံးအားဖြင့် NLD အစိုးရ၏ "ပြောင်းလဲချိန်တန်ပြီ"ဆိုသည့် နှိုးဆော်ချက်ကိုပင် မသိချင်ယောင်ဆောင်နေကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကရှေးယခင်ကရှိခဲ့သည့် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ တာဝန်ယူမှုတာဝန်ခံမှုမရှိခြင်းအစရှိသော စိတ်နေစိတ်ထားနှင့် လုပ်ဟန်အဟောင်းများကို ပြုပြင်ပြောင်းလဲရန် တိုက်တွန်းနေသော်လည်း၊ ယခုအထိ ထိုစိတ်နေစိတ်ထား (Mind Set) ကိုမစွန့်လွှတ်ကြသူကများနေသေးသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းမှု ဖြစ်စဉ်တွင် မူဝါဒချမှတ်သူခေါင်းဆောင်များနှင့် အောက်အဆင့်ဆင့် အကောင်အထည်ဖော်သူ တာဝန်ခံ အရာရှိများအကြား (Mind Set) ပြဿနာကြောင့် နားလည်မှု လွဲမှားမှုများဖြစ်ပေါ်နေသည်။ အကျိုးဆက်မှာ ဇန်နဝါရီလနောက်ဆုံးပတ်တွင်ကျင်းပရန် လျာထားခဲ့သည့် တတိယအကြိမ် ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေး ညီလာခံကိုဖေဖော်ဝါရီလသို့ ရွှေ့ဆိုင်းလိုက်ရသည်ဟု ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးက ဇန်နဝါရီ ၂၁ ရက်နေ့ကပြောကြောင်း RFA သတင်းက ဆိုသည်။

ယခင်က ၂၁ ရာစုပင်လုံညီလာခံတတိယအကြိမ်အစည်းအဝေးကို ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ် တွင်ကျင်းပရန် စီစဉ်ခဲ့သော်လည်း NCA လက်မှတ်ထိုးထားသောEAOs အဖွဲ့ရှစ်ဖွဲ့ကရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ကြောင်းသိရသည်။ NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပြုလုပ်ရန် ပြင်ဆင်ထားသည့် ၂၁ ရာစုပင်လုံညီလာခံအကြို လူထုတွေ့ဆုံပွဲများနှင့်လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲများ ပိတ်ပင်တားမြစ်ခံရသောကြောင့် အဆိုပါကိစ္စများကိုဆွေးနွေးညှိနှိုင်းလိုသဖြင့် ၂၁ ရာစုပင်လုံညီလာခံ တတိယအကြိမ်အစည်းအဝေးကိုရွှေ့ဆိုင်းပေးရန် EAOs အဖွဲ့ ရှစ်ဖွဲ့ကတောင်းဆိုခဲ့ကြသည်ဟုဆိုသည်။ ၂၁ ရာစုပင်လုံညီလာခံအစည်းအဝေးများကို နှစ်စဉ်နှစ်ကြိမ်ကျကျင်းပရန် သဘောတူထားခဲ့ပြီး၊ ပထမအကြိမ် အကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင်လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် မေလတွင်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ဤအတောအတွင်း JMC၏ဆောင်ရွက်မှုသည် စံနမူနာပြလုပ်ငန်းများဖြစ်မှသာ ငြိမ်းချမ်းရေးအတွက် အမှန်တကယ်အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် JMC လုပ်ငန်းများကို ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လိုကြောင်း JMC- U ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဇန်နဝါရီ ၁၇ ရက်နေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိအမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ရန်ကုန်ရုံး၌ ကျင်းပသော ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၄)ကြိမ်မြောက်အစည်းအဝေးတွင်ပြောကြားခဲ့သည်။

အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမှာစကားပြောကြားရာတွင် "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကိုငြိမ်းချမ်းရေးမဟာဗျူဟာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ NCA ကိုအခြေခံ၍ ရည်မှန်းချက်ချမှတ်ဆောင်ရွက်ရာတွင် ရည်မှန်းချက်နှင့် ရည်မှန်းချက်သို့သွားရာလမ်းကြောင်းတူညီရန် လိုအပ်ကြောင်း၊ သို့မှသာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အခက်အခဲမရှိဘဲ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ JMCအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးခိုင်မာရေး၊ ဒေသဖွံ့ဖြိုးရေးစသည့်ရည်မှန်း ချက်များဖြင့်ဆောင်ရွက်နေကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် JMC ကချမှတ်ထားသည့်သဘောတူညီချက်များ၊ ကတိကဝတ်များသည် အသက်သွေးကြောဖြစ်ကြောင်း၊ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းလမ်းညွှန်များအတိုင်း ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် JMC ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ကောင်းမွန်သည့်စံနမူနာပြ ဖြစ်မှသာငြိမ်းချမ်းရေးအတွက် အမှန်တကယ်အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပဋိပက္ခဖြေရှင်းရာတွင်အဓိက ကျသည့်ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-U များတွင်လုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် JMC-Uများ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း"ထည့်သွင်းပြောကြားခဲ့သည်ဟု JMC၏ facebook စာမျက်နှာတွင်ဖော်ပြခဲ့သည်။

ဆက်လက်၍ JMC-U ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်စောအိုင်းဇက်ဖိုး (KNU)က "မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သည်မှာ နှစ်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးရှိပြီဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးက လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားနေကြောင်း၊ ဆယ်စုနှစ်ခြောက်စုကျော်မှ ပေါ်ပေါက်လာသည့် NCA စာချုပ်သည် မြန်မာနိုင်ငံ၏ ရှေ့ခရီးအတွက် တစ်ခုတည်းသော ငြိမ်းချမ်းရေးမျှော်လင့်ချက်ရောင်ခြည်ဖြစ်ကြောင်း၊ NCA စာချုပ်ကိုအကောင်အထည်ဖော်ရသည်မှာ ထင်သလောက်မလွယ်ကူကြောင်း၊ လက်နက်ကိုင်နှစ်ဘက် အကြားသံသယနှင့် စိုးရိမ်စိတ်များရှိနေသေးကြောင်း၊ သို့ဖြစ်၍ သံသယနှင့် စိုးရိမ်စိတ်များတိုးပွားစေနိုင်သည့် အပြောအဆိုအပြုအမူများကို နှစ်ဖက်လုံးကအထူးသတိထားရမည်ဖြစ်ကြောင်း၊ NCA သက်တမ်းသည်လည်း နှစ်နှစ်ကျော်လာပြီဖြစ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစား မှုရှိရန်လိုအပ်ကြောင်း၊ ပြည်သူလူထု၏ မျှော်လင့်ချက်များ မပျက်စီးအောင် ထိန်းသိမ်းရန် လက်နက်ကိုင် နှစ်ဖက်လုံးတွင် တာဝန်ရှိကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအောင်မြင်စွာဆောင်ရွက်နိုင်ရေး NCA ပါ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို နှစ်ဖက်လက်နက်ကိုင်တပ်များက ဖောက်ဖျက်မှုရှိ-မရှိစောင့်ကြည့်ရမည်ဖြစ်ပြီး ဖောက်ဖျက်ပါကစိစစ်အတည်ပြု အရေးယူဖြေရှင်းမည်ဖြစ်ကြောင်း၊ JMC တွင် အရပ်သားကိုယ်စားလှယ်များထပ်မံအားဖြည့်ရန် လိုအပ်ကြောင်း၊ မည်သို့သောစိန်ခေါ်မှုများရှိသည်ဖြစ်စေ စိတ်ရင်းစေတနာမှန်ဖြင့် မေတ္တာတရားရှေ့ထားကာ စိတ်ရှည်သည်းခံစွာဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ငြိမ်းချမ်းရေးဆန္ဒ၊ မျှော်လင့်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတူတကွ ဆက်လက် ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း။" စသဖြင့် ပြောကြားသွားကြောင်းသိရသည်။

ထို့ပြင် ဇန်နဝါရီ ၁၉ ရက်နေ့ကရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပြုလုပ်သည့် JMC-U အစည်းအဝေး၌ အပစ်ရပ်နယ်မြေသတ်မှတ်ရေး၊ တပ်နေရာ ပြန်လည်ချထားရေးအပါအဝင် NCAပါ သဘောတူညီချက်အချို့ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့နှစ်ဖက်စလုံးတွင် အခက်အခဲများရှိနေဆဲဖြစ်သည်ဟု ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အတွင်းရေးမှူး(၁)ဒေါက်တာရွှေခါးရိုက သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြောင်း ၇ ရက်နေ့စဉ်သတင်းအရသိရသည်။ NCA သဘောတူစာချုပ်အခန်း(၃)တွင် ပါဝင်သည့်အပစ်ရပ်နယ်မြေသတ်မှတ်ရေး၊ ထိန်းချုပ်နယ်မြေသတ်မှတ်ရေး၊ တပ်နေရာ ပြန်လည်ချထားရေး၊ ဆက်သွယ်သည့် နည်းလမ်းသတ်မှတ်ရေးနှင့် အရပ်သားကာကွယ်ရေးဆိုင်ရာကိစ္စရပ်များသည် နှစ်ဖက်အဖွဲ့အစည်းများကညှိနှိုင်းသတ်မှတ်ရမည့်ကိစ္စရပ်များဖြစ်ကြောင်းနှင့် JMC က နှစ်ဖက်ညှိနှိုင်းပြုလုပ်နိုင်ရန် ကမကထလုပ်ပေးနိုင်သည်ဟုသာပါရှိကြောင်း ဒေါက်တာရွှေခါးရိုကပြောကြားခဲ့သည်။

နယ်မြေပိုင်းခြားသတ်မှတ်မှုကဲ့သို့ NCA စာချုပ်ပါ ကိစ္စရပ်များအသေအချာမသတ် မှတ်နိုင်သေးသဖြင့် နှစ်ဖက်အငြင်းပွားမှုများရှိနေကြောင်း၊ အဆိုပါကိစ္စရပ်များအကောင်အထည်ဖော်နိုင်ရန်နှင့် ယုံကြည်မှု တည်ဆောက်နိုင်ရန် နှစ်ဖက်နယ်မြေတပ်မှူးများတွေ့ဆုံနိုင်ရေးကိစ္စကို ဆောင်ရွက်နေကြကြောင်းဒေါက်တာရွှေခါးရိုက ပြောသည်။

"နှစ်ဖက်တပ်မှူးတွေကြားမှာ တွေ့ဆုံဆွေးနွေးပွဲတွေလုပ်ပြီး ဖြည်းဖြည်းချင်းသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်ဆိုတော့ ဒီ ကျွန်တော်တို့ NCA ထဲမှာရော၊ Bilateral ထဲမှာရောဒီလိုကိစ္စတွေက သတ်သတ်မှတ်မှတ်မရှိတော့ အချိန်ယူပြီးလုပ်ရမှာ ဖြစ်ပါတယ်"ဟုဒေါက်တာရွှေခါးရိုကပြောကြောင်း ၇ ရက်နေ့စဉ် သတင်း

**စာမျက်နှာ (၂၀) သို့**

## အစိမ်းသေ

ရာစုသစ် (mgy)

ဥပဒေ့ဒဏ်ကြောင့် ဟုတ်လား
သူတို့ဘာကြောင့် သေရတာလဲ . . .

သူတစ်ပါး သတ်လို့သေရတာ
သူတို့ဘာကြောင့် သတ်ကြတာလဲ . . .

သေနတ်နဲ့ အပစ်ခံရလို့သေတာ
အစိမ်းသေတဲ့ ဟုတ်လား . . .

ဓားနဲ့ အထိုးခံရလို့သေတာ
အစိမ်းသေတဲ့ဟုတ်လား . . .

တုတ်နဲ့ အရိုက်ခံရလို့သေတာ
အစိမ်းသေတဲ့ ဟုတ်လား . . .

အစိမ်းရောင် စာအုပ်ကြီးက
တုတ်၊ ဓား၊ သေနတ်ကိုင်တွေအတွက်
အချိန် နေရာမရွေး သုံးခွင့်ရတဲ့
လူသတ်ခွင့် ပါမစ်တစ်စောင်လား . . .

အမှန်တရားရဲ့ ဘက်တော်သားတွေ
ဥပဒေရဲ့ အပြင်ဘက်မှာ
အစိမ်းရောင် စာအုပ်ကြီးကြောင့်
အစိမ်းသေ သေနေကြရပြီ . . .

အစိမ်းရောင်စာအုပ်ကြီး ရှိနေသရွေ့တော့
အစိမ်းသေတွေ သေနေကြဦးမှာပဲ . . .

ရာစုသစ် (mgy)

www.free4readers.com

# ကမ္ဘာတည်မယ့်ကဗျာ

□ မြမျိုးဆက်

ဆရာမြသန်းတင့်က ဒီလိုမိန့်ကြားခဲ့ဖူးပါတယ်။

"ကဗျာကောင်းတစ်ပုဒ်ဆိုတာ ဘာလဲလို့မပြောခင် ကဗျာဆိုတာဘာလဲဆိုတာကို နည်းနည်းပြောချင်ပါတယ်။ ကဗျာဟာ ရင်ခုန်သံပါပဲ။

လူတိုင်းဟာရင်ခုန်ကြတယ်။ ရင်ခုန်တယ်ဆိုတာ ချစ်တာ၊ မုန်းတာ၊ မနာလိုတာ၊ ပျော်တာ၊ ဝမ်းနည်းတာ စတဲ့ခံစားချက်တွေ။ ဒီခံစားချက်တွေကို ဖော်ပြမှုတိုင်းဟာ ကဗျာလို့ဆိုချင်ပါတယ်။

အင်္ဂလိပ်စာရေးဆရာ ဝီလျံဟက်ဇ်လစ်က Man is a poetical animal.လူသည် ကဗျာသတ္တဝါဖြစ်သည်လို့ ပြောဖူးပါတယ်။ မောလျဲရဲ့ မဟာဆန်ချင်သူပြဇာတ်မှာ ဇာတ်လိုက်ဦးရွှေနှောင်းဟာ စကားပြေတွေကို တစ်သက်လုံးပြောလာပေမယ့် စကားပြေမှန်းမသိသလို ကျွန်တော်တို့တတွေဟာလည်း ကဗျာနိဿရည်းအတိုင်း တစ်သက်လုံးနေလာကြပြီး ကဗျာမှန်းမသိဘဲ ဖြစ်နေကြတယ်လို့ သူက ပြောပါတယ်။

ဒါကြောင့် သူက တူတူပုန်းတမ်းကစားနေတုန်း ပုံပြောနေတုန်းမှာ ကလေးဟာ ကဗျာဆရာဖြစ်သွားတယ်။ နွားကျောင်းသားဟာ သူ့ချစ်သူအတွက် ခရေပန်းကုံး ကလေးတွေ ကုံးပေးနေတုန်းမှာ ကဗျာဆရာဖြစ်သွားတယ်။ လယ်သမားဟာ လယ်ထွန်ရာကရပ်ပြီး သက်တံ့ကြီးကိုငေးကြည့်နေတုန်းမှာ ကဗျာဆရာဖြစ်သွားတယ်။ အလုပ်သင်စာရေးဟာ မြို့တော်ဝန်ရဲ့ပန်းအလှပြပွဲကို ကြည့်နေတုန်းမှာ ကဗျာဆရာဖြစ်သွားတယ်။ ကပ်စေးနဲ့တဲ့ သူဌေးဟာ သူ့ရွှေစကိုပွတ်သပ်နေတုန်းမှာ ကဗျာဆရာဖြစ်သွားတယ်။ နန်းတွင်းသားဟာ သူ့အထက်က မှူးမတ်ကြီးရဲ့အပြုံးပေါ်မှာ မျှော်လင့်ချက်တစ်ခုကို တည်ဆောက်နေတုန်းမှာ ကဗျာဆရာဖြစ်သွားတယ်။ တောတွင်းသားလူရိုင်းဟာ သူကိုးကွယ်တဲ့နတ်ရုပ်ကို သွေးနဲ့ အရောင်ခြယ်နေတုန်းမှာ ကဗျာဆရာဖြစ်သွားတယ်။ မင်းဆိုးဟာ သူ့ကိုသူနတ်ဘုရားလို့ထင်နေတုန်းမှာ ကဗျာဆရာဖြစ်သွားတယ်လို့ ဟက်ဇ်လစ်က ပြောခဲ့ပါတယ်။

သူဆိုလိုချင်တာက လူတိုင်းမှာခံစားချက်တွေ၊ စိတ်ကူးတွေ၊ မျှော်လင့်ချက်တွေ၊ အားငယ်ချက်တွေရှိကြပါတယ်။ ဒီခံစားချက်တွေကို ဖော်ပြတိုင်းဟာ ကဗျာလို့ ပြောပါတယ်။ တစ်လုံးတည်းနဲ့ချုပ်ပြောရရင် ရင်ခုန်သံကိုဖော်ပြမှုတိုင်းဟာကဗျာပဲပေါ့။

အဖြစ်အပျက်တစ်ခုကို မြင်တယ်၊ ကြားတယ်၊ ဒီအခါမှာ ခံစားမှုကိုပေးတယ်။ ခံစားမှုဝေဒနာကနေ စိတ်ကူးကိုနှိုးပေးတယ်။ အဲဒီအခါမှာ နရီတို့၊ အသံတို့နဲ့ အဲဒီအကြောင်းတွေကို ဖွဲ့တယ်။ ဒီမှာကဗျာဖြစ်လာတယ်။

ဒီတော့ ကဗျာကောင်းဆိုတာဘာလဲ။

ကိုယ်မြင်ရတဲ့ အကြောင်းအရာပေါ်မှာ ကိုယ်က အာရုံခံစားမှု ဘယ်လောက်ပြင်းထန်သလဲ၊ တုံ့ပြန်မှုဘယ်လောက်ပြင်းထန်သလဲ၊ ရင်ဘယ်လောက်ခုန်သလဲဆိုတဲ့ အချက်ပေါ်မှာ ကဗျာကောင်း မကောင်းဟာ တည်မှီနေတယ်။ ကိုယ်က အာရုံခံစားမှုပြင်းထန်ရင် ရင်ခုန်သံပြင်းထန်ရင်၊ တုံ့ပြန်မှုပြင်းထန်ရင် ကဗျာကောင်းဖြစ်မှာပဲ။ ကဗျာပဒေသတို့ ဘာတို့က နောက်မှလိုက်လာရတာပါ။ ရင်ခုန်သံမြန်နေတဲ့အချိန်မှာ ရေးလိုက်တဲ့ ကဗျာဟာ ကဗျာကောင်းလို့ပဲ ပြောချင်တယ်။

နတ်တော်လဟာ စာရေးဆရာတွေ ကဗျာဆရာတွေနဲ့ ပြည်သူလူထု ရင်းရင်းနှီးနှီးတွေ့ဆုံကြတဲ့လပါ။

စာဆိုတော်တွေကို ဂုဏ်ပြုတဲ့လပါ။

စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲတွေကို နိုင်ငံအနှံ့ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြတဲ့လပါ။

"အလီမှာစာမှာရှိ"တဲ့။

လိမ္မာယဉ်ကျေးတဲ့လူတွေ စုရုံးပြီး လိမ္မာယဉ်ကျေးတဲ့စကားတွေ ပြောကြ၊ ဟောကြ၊ ဆွေးနွေးဖလှယ်ကြတဲ့လပါ။

နှင်းဖွဲဖွဲကျ၊ အေးမြမြမှာ လရိပ်လှုံရင်း ကွင်းပြင်ထဲမှာ လွတ်လွတ်လပ်လပ် စာပေဟောပြောပွဲတွေ သွားရောက်နားထောင်ရတာ ပီတိသုခကေဇ္ဇတာတန်ဖိုးမဖြတ်နိုင်တဲ့ အမြိုက်အရသာပါ။ တစ်ခါက စာပေဟောပြောပွဲတစ်ခု အကြောင်းပြန်လည်ဖောက်သည်ချဝေမျှပေးချင်ပါတယ်။

နားထောင်ကြည့်ရအောင်လားခင်ဗျာ။

မျက်စိနဲ့ကြား၊ စိတ်နဲ့မြင်ကြည့်နိုင်တယ်ဆိုတာယုံတယ်မဟုတ်လား။

"အဲဒီတော့ ဒီမိုကရေစီအရေးတော်ပုံကာလအတွင်းမှာပဲ ခုနပြောသလိုပေါ့၊ ဟိုကတောင်း၊ ဒီကတောင်း၊ ကျွန်တော်တို့နယ်တွေနယ်တွေနယ်တွေကလည်း တောင်းကြတယ်။ အဲဒီလိုတောင်းကြတော့ ရေးမိတဲ့ကဗျာလေးတစ်ပုဒ်ကို ကျွန်တော်တင်ပြပါ့မယ်။

အဲဒါတော့ကောင်းတာ ဆိုးတာအသာထားပေါ့လေ၊ ကျွန်တော်လည်း တတ်နိုင်တဲ့နည်းနဲ့ပါဝင်တာပေါ့။ ကိုယ်တတ်နိုင်တဲ့ကိုယ်ကလောင်ကလေးနဲ့ ကဗျာလေးနဲ့ ပါဝင်တာပေါ့။ကျွန်တော်တို့ကဒီကဗျာလေးတွေပဲ ဖွဲ့တတ်သကိုး။ ဒီသေနတ်တွေဘာတွေဆိုတာလည်း ကျွန်တော်တို့နဲ့သိပ်မပတ်သတ်ဘူးဖြစ်နေတယ်။ တစ်ခါမှ မကိုင်ဖူးဘူး။ သေနတ်သံကြားတာနဲ့လန့်ချင်နေတယ်။ အဲဒီလိုဆိုတော့ကဗျာလက်နက်ကိုပဲ ကျွန်တော်တို့တတ်နိုင်သမျှ ကိုင်စွဲရတာပေါ့။ အဲဒီတော့ကျွန်တော်ရွတ်ပြပါမယ်။ ကျွန်တော် ရွတ်ပြချင်တဲ့ကဗျာလေးကတော့ ကျွန်တော်ကိုယ်တိုင်ရေးတဲ့ကဗျာလေးတွေလည်းရွတ်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒါအခွင့်အရေးရတုန်း တင်ပြရတာပေါ့။

မတ်လတုန်းက နွေဦးကာလမှာ အရေးတော်ပုံဖြစ်တော့"နွေဦးအရေးတော်ပုံ"ဆိုတဲ့ ကဗျာလေးရေးထားပါတယ်။ ဘယ်ထဲမှာမှမပါပါဘူး။

"နွေဦးအရေးတော်ပုံ"

*နိုးထလာသော နွေဦး*
*ပုရစ်ဖူးသစ်မျှား တန်းစီလျက်*
*သရဖီ ဝင်းဝင်း*
*အင်ကြင်းနီနီ*
*ပန်းမျိုးစုံ စီရရီတို့*
*သိင်္ဂီအဆင်း မြအဆင်းနှင့်*
*နွေညီလာ ခင်းကျင်းလေပြီ။*
*ရိုးတံတွေ အပြိုင်းပြိုင်း*
*သစ်ကိုင်းတွေခြောက်သယောင်း*
*ရွက်ဟောင်းတွေကြွေကျ*
*ဖရိုဖရဲ မလှမပနဲ့*
*နွေအလှ အထီးအကျန်*
*အကျည်းတန် ရာသီပေလော။*
*နွေမှာရုန်းရင်းဆန်ခတ်*
*တရစပ်ပင် မရပ်မနား*
*အသစ်နဲ့အဟောင်းတိုက်ပွဲများ။*
*ရွက်သစ်တွေဖူးဝံ့လို့*
*လူးလွန့်နိုးကြားလာလေသလော။*
*အော်သံအရှိန်း*
*မုန်တိုင်းသံမစဲ*
*နွေပြတင်းမှန်ရိုက်ခွဲ၍*
*သဲသဲရုတ်ရုတ်*
*အုတ်အုတ်ကျက်ကျက်*
*ဘယ်သူ့ဘက်ကပါလိမ့်။*
*တခဲနက်အသံ*
*ဟိန်းဟိန်းညံလာပြီ။*
*နွေဦးငှက်နဲ့အိပ်စက်ပျော်မွေ့နေသူတို့*
*ထလော့၊ တီးမှုတ်ကြတော့။*
*ရွက်ကြွေများသန့်ရှင်းပြီ။*
*ဟင်းလင်းပြင် ကြည်လင်ပြီ။*
*နိုးထခြင်းနှင့်အတူ*
*ဇမ္ဗူကျွန်းလုံး အကုန်*
*ခရာသံစုံ မှုတ်ကြကုန်လော့။*

အဲဒါကျွန်တော်တို့ မတ်လတုန်းက ရေးခဲ့တဲ့ကဗျာ။ အဲဒီတော့ အဲဒီတုန်းက ကျွန်တော်တက္ကသိုလ်ထဲမှာ နေတုန်းကဆိုတော့ ဒီပရိဝုဏ်ထဲမှာ ကြားရတဲ့အသံက ဥဩသံတို့ ချိုးကူသံတို့ ဒါတွေပဲကြားရတယ်။ အဲနောက်တော့ထူးခြားတဲ့အသံတွေပါထပ်ကြားရတယ်။ ဥဩသံတွေထက်ပိုပြီးတော့ တန်ဖိုးရှိတဲ့အသံတွေပါကြားရတယ်။

. . . . . . . . . . . . . . . . . . . . . . . . .

နောက်ပိုင်း ရောက်တဲ့အခါကျတော့ စက်တင်ဘာရောက်တဲ့အခါကျတော့ မိုးတွေကလည်း မှုန်မှိုင်းလာ၊ မုန်တိုင်းတွေဘာတွေကလည်းကျလာ၊ ချောင်းရေတွေဘာတွေကြီး၊ လျှင်တွေဘာတွေလှုပ်၊ အဲဒီလိုဖြစ်နေ၊ အဲဒီအချိန်ရောက်လာတော့ရေးမိတဲ့ ကဗျာလေးကိုလည်း ကျွန်တော်တင်ပြချင်ပါတယ်။

ဟိုစိတ်ထဲမှာ နည်းနည်းထိခိုက်တာပေါ့လေ။ဘာပဲပြောပြောဝမ်းနည်းစရာတွေ့လည်း ဝမ်းနည်းစရာ၊ အားတက်စရာတွေ့လည်း အားတက်စရာ၊ အဲဒီလိုဟာမျိုးတွေလည်း ရေးမိတာပေါ့။

"အိမ်လည်ကြူးတဲ့သား"

*ကာရန်ချိုမြ၊ သွေးစစွန်းနေတယ်။*
*တယောကြိုးလည်း၊ တီးတိုင်ငိုကြွေးတယ်။*
*ဂစ်တာတလက်၊အုတ်ခုံထက်မှာ*
*အသက်မရှိရှာတော့ဘူး။*
*အမေ့အိမ်နား၊ ဒီညများမှာ*
*စစ်သားဖိနပ်၊ တခွပ်ခွပ်နဲ့*
*ရပ်လို့စောင့်နေတယ်။*
*အိမ်လည်ကြူးတဲ့သား*
*မိုးစက်တွေကြားမှာ*
*ငှက်ဖျား မိနေရော့သလား။*
*အမေ့နားမှာ*
*"သား"ခေါ်သံများ*
*တိုးတိုးကြားလျှင်*
*နားကိုလှည့်စား*
*ဒီညများ*
*ဘယ်သွားနေလဲ လူလေးရယ်။*
*သားတို့ကျောင်းက*
*ခွပ်ဒေါင်းလံကလေး*
*ရေမြောင်းဘေးမှာ*
*သွေးတွေစွန်းလျက်*
*ညနေဘက်က ရပ်ကွက်ထဲက လူတွေတွေ့ခဲ့သတဲ့။*
*အမေ့သား*
*စကားတိုးတိုး ပြောလှည့်ပါ။*

အဲဒီကဗျာလေးပါ။ အဲဒါကိုတော့ ခုမဂ္ဂဇင်းလေးတွေပို့တော့ ပို့ကြည့်တယ်။

တစ်ခါတစ်ခါကျတော့ ကျွန်တော့်အာရုံထဲမှာ၊ နားထဲမှာ၊ အသံတွေ၊ ရုပ်ပုံတွေမြင်နေရတယ်။ တစ်ခါ တည်းပေါ့လေ။ ဒီအလံတွေလွှင့်ထူပြီးတော့ကို ညီညီညွတ်ညွတ်နဲ့ ကြွေးကြော်ကြတဲ့အသံတွေဟာ နားထဲမှာ ကြားယောင်နေတယ်။ အဲလိုကြားယောင်လာတဲ့အခါကျတော့ ဒီလိုကဗျာမျိုးရေးပါတယ်။

*တံခါးဖွင့်ပါ၊ တောင်းဆိုလာကြ*
*ရောမ လူထုကြီးပါတကား။*
*အလံတွေကိုင်၊ ရှေ့ကတိုင်လျက်*
*အသံပြိုင်ဟစ်အော်၊ ကြွေးကြော်သံတွေနဲ့*
*စာလုံးထွေတလာ၊ ပိုစတာတွေနဲ့*
*ရင်ဘတ်မှာချိတ်၊ တက်ကြွစိတ်ကြောင့်*
*တံဆိပ်အမျိုးမျိုး၊ ရင်ထိုးတွေနဲ့*
*ခေါင်းစည်းအနီ၊ လည်စည်းနီပြင်*
*လက်မောင်းမှာချည်၊ ပဝါနီနဲ့။*
*လူ့သမိုင်းမှာ၊ တုနှိုင်းမရ*
*တက်ကြွမျက်နှာ*
*ညီညာလက်ချိတ်*
*ရဲဘော်စိတ်တွေနဲ့။*
*ဘုရားသွားကျောင်းတက်*
*အေးချမ်းလက်ဖြင့်*
*ပြုံးမျက်နှာပေး*
*နှလုံးအေးသည့်*
*မုန်းဆေးမပါ*
*တို့မြန်မာ၏*
*မူရာပြောင်းလဲ*
*အုံ့ဖွယ်သရဲပင်။*
*တစ်ခဲနက်ဟိန်း၊ မိုးသို့ခြိမ်းလျက်*
*စိမ်းလန်းတောတောင်၊ မီးကြီးလောင်သို့*
*သန်းခေါင်ညများ၊ တုန်လှုပ်သွားပြီ*
*တံခါးဖွင့်ပါ၊ ဖွင့်ပေးပါ။ . . . တဲ့*

မြန်မာတစ်မျိုးသားလုံး ဆန္ဒတွေ၊ အဲဒီနားထဲမှာ တံခါးဖွင့်ပါဆိုတဲ့ အသံကိုပဲ ကြားယောင်ပြီးတော့နေတယ်။ မြန်မာတစ်မျိုးသားလုံးရဲ့ဆန္ဒပါပဲ။ တစ်မျိုးသားလုံးရဲ့ အေးချမ်းတဲ့မျက်နှာလေးတွေ၊ မြန်မာပြည်သူတစ်ရပ်လုံးက ပြုံးပန်းလေးတွေဆင်နေတဲ့ . . . ဟုတ်လား။ အမြဲရွှင်လန်းပြီးတော့ကို အေးချမ်းနေတဲ့ မျက်နှာလေးတွေကနေ ပြောင်းလဲသွားပြီးတော့ တက်ကြွတဲ့-ဟုတ်လား။ လိုလားထက်သန်တဲ့ မျက်နှာတွေ ပြောင်းလဲသွားပြီးတော့ကိုတောင်းဆိုနေတာ။ အဲဒီဥစ္စာကြားယောင်နေတဲ့ အသံတွေ၊ ရုပ်တွေနဲ့ ကဗျာတွေရေးမိပါတယ်။ ရေးမိတာကတော့ အများကြီးပါပဲ။ တစ်ခါတစ်ခါကျတော့လည်း အားငယ်သလိုလို ဘာလိုလိုနဲ့ ရောတီရောယောင်ဖြစ်ပြီးတော့ ခံစားမှုအထွေထွေဖြစ်ပေါ်နေတဲ့ အခါမှာ ဒါမျိုးလည်းရေးမိပါတယ်။

မိုးမသောက်တဲ့နှစ်များ

(၁)

*မနိုးတစ်ဝက်၊ နိုးတစ်ဝက်နဲ့*
*အိပ်မက်မက်နေတဲ့ကာလ။*
*လျှောက်ချင်လှပေမယ့်*
*ဘယ်လမ်းကလျှောက်ရမှန်းမသိ၊*
*မသိတစ်ဝက် သိတစ်ဝက်နဲ့*
*နေ့ရက်တွေပါး*
*ဗိုက်ခေါက်သား၊ ကုပ်သားတွေတက်*
*အသက်အရွယ်သာကြီးလာရော*
*ဘယ်ခရီးမှမပေါက်ရတဲ့ကာလ၊*
*ကာလဆိုတဲ့ယူဇနာ*
*ဘူတာစဉ် ရထားဖြတ်သလို*
*အမှတ်မဲ့ဖြတ်နေခဲ့ပြီ။*

(၂)

*ကမ်းခြေတစ်လျှောက်*
*ပန်းအကြွေတွေကောက်ရင်း*
*စမ်းရေသောက်ရတာလည်း မရှိမဟုတ်။*
*ဒါပေမယ့် မရှိတစ်ဘဝ*
*ရှိခဏမျှသာ*
*ကျေးတောကငါ*
*ငေးမောပြီးမြို့တက်လာ*
*တို့ရက်တွေဟာ*
*ရာဇာမဟုတ်တော့၊*
*ဇာတာအစုတ်နဲ့*
*ဝါစာကမာလုပ်ပြီး*
*ဇရာတောအုပ်ထဲဝင်ရပြီ၊*
*မဖြောင့်မတန်း*
*အမှောင့်လမ်းတွေကလည်း*
*ဖြောင့်တန်းလန်း*
*ဆူးတန်းလန်းတွေနဲ့*
*ဖြတ်သန်းသူတွေ*
*ဒုက္ခတွေပင်လယ်ဝေစေခဲ့ပြီ။*
*ဘဝအိပ်မက်*
*လျှပ်တစ်ပြက်*
*နတ်သက်မဟုတ်ပါဘူးကွယ်။*



(၃)

*ငယ်ငယ်တုန်းက လီနင်နဲ့တွေ့တယ်။*
*ကြီးလာတော့ လင်ကွန်းနဲ့တွေ့ချင်တယ်။*
*ချောက်ကမ်းပါးမှာ၊ ကြောက်အားပိုစရာ*
*အမှောင်ရိပ်ကြီးဟာ*
*ဒယီးဒယိုင်ထိုးကျနေတယ်။*
*မင်းလည်းအမှောင်ထဲ*
*ငါလည်း အမှောင်ထဲမှာ*
*ယောင်ချွဲသူချွဲ*
*ချော်လဲသူလဲ*
*ပက်လက်လန်သူလန်*
*ရက်စက်ထန်သူထန်*
*အမှန်တွေ အမှားဖြစ်လိုဖြစ်*
*အချိုတွေအခါးဖြစ်လိုဖြစ်နဲ့*

www.free4readers.com

ငါတို့ ပွဲ့ဖက်တယ်။
အရှက်ကို အရေခွာပြီး
တစ်နေရာမှာ ချိတ်ထားလိုက်တယ်။
(အရှက်ကို အရေခွာတဲ့နောက်တော့ မြင်တဲ့အတိုင်းပါပဲ။ မြင်တဲ့ကြားတဲ့အတိုင်းပါပဲနော်။)

ခင်မင်တဲ့အဆင့် မရောက်ခဲ့။
လေ့မှောက်မလား
ရေကြောက်သလား
သေမလောက် စိတ်ဒဏ်ရာ
အနာတွေနဲ့ ချည်းပါပဲ။
သက်ပြင်း ဟင်းခနဲချ

စနစ်မညီမမျှ ခေတ်ဂီတတွေ
တီးမှုတ်နေရတယ်။
ဘဝသံစဉ်မညီ အလှဟန်သွင်မပီတော့လို့
ဟာမိုနီတွေ ပျက်ကုန်ရပြီလေ။

(၄)

တို့ဘဝတွေဟာ
လိမ်ညာထားတဲ့ အစီရင်ခံစာတွေဖြစ်တယ်။
"မှန်ပ့ါဘုရား"အသံသွင်းထားတဲ့
မုသာဝါဒ သတင်းကြိုးခွေဖြစ်တယ်။
ခေါက်ရိုးကျိုးတွန့်ကြေနေတဲ့
အပေါ်ယံပင်နီတိုက်ပုံဖြစ်တယ်။
ထားရာနေ စေရာသွားတဲ့
လူကြီးမင်းများရဲ့ ခုံတပ်ဖုံးဖြစ်တယ်။
ကြည်နူးစရာ အသက်မရှိတဲ့
ပကတိရိုဘော့တ်စက်ရုပ်
ခေါင်းညိတ်စက်ရုပ်မျှသာဖြစ်တယ်။
ဒီထက်ဘာကမှမပိုခဲ့ပါ။
ဒီအခါမှာ
တို့ဟာ ကဗျာမဟုတ်။
တို့ဟာ လူမဟုတ်။
တို့ဟာ အသက်မဟုတ်။
တကယ့် စက္ကူစုတ်

(၅)

တို့ဟာ ပညာကို မကိုးကွယ်
အာဏာကို ကိုးကွယ်တယ်။
အတတ်ကို မကိုးကွယ်
သေနတ်ကို ကိုးကွယ်တယ်။
အဂတိတရား လေးပါး
ပယ်ရှားရမယ့် အချက်ကို
ဒီလိုနဲ့ ပိတောက်တွေလည်း
အသက်မပါဘဲ
အခါခါ ပွင့်ခဲ့ပြီ။
လမင်းလည်း
ခပ်ပျင်းပျင်းနဲ့
မလင်းချင် လင်းချင် လင်းခဲ့တာ
ညများစွာ ရှိခဲ့ပါပြီ။
တို့အသက်များကို
မုသာဝါဒနဲ့ လဲစားနေခဲ့တာ
ဇရာ ယွင်းဖောက်
မရဏတွင်းတောင် ပေါက်ခဲ့ပြီမို့
မိုးမသောက်တဲ့ နှစ်များလို့
ကမ္ပည်းထိုးရမလားမသိ။

(၆)

ချောင်းရေယဉ်ကြောမှာ
လောင်းလှေလေး မျောသလိုပါပဲ။
ဟောတစင်း ဟောတစ်စင်းနဲ့
မျောခြင်းကြီး မျောခဲ့ပြီ။
အုန်းညိုရိပ် လွမ်းစရာ
ကျွန်းသာယာကိုလည်း မတွေ့
ချမ်းမြ ဖြေစရာ
ပန်းအလှ ဗေဒါကို
မြင်ရုံသာ မြင်လိုက်ရ




တမ်းတမိတဲ့ အတိတ်ဟာ
အရိပ်လို ခွာသွားခဲ့ပြီ။
အတိတ် ရေးရေးဟာ
တဆိတ် ဝေးဝေးခဲ့ပြီလေ။

(၇)

အနာဂတ် လူ့ဘောင်ဟာ
အခုလိုပဲ မှောင်နေဦးမလား။
ယောင်တောင်တောင်ဖြစ်ရတဲ့
အမှောင်ခေတ်သက်တမ်း
မျက်ကန်း ဆင်စမ်းသလို
ထင်မှန်းကြည့်နေကြတယ်။
အလှဆုံးလက်ရာ
အသာဆုံး တေး
အမွှေးဆုံး ပန်းတွေနဲ့
စိတ်ကူးလမ်း ဖွင့်ကြတယ်။
အိပ်မက်နဲ့ဖြစ်ရပ်
သဟဇာတ ဖြစ်ကောင်းပါရဲ့။
ညတခြား နေ့တခြား
တကယ်လို့ ကွဲပြားခဲ့ရင်
အမှားကြီးမှုက
ခါးသီးမှုဖြစ်နိုင်တယ်။
ဒါပေမယ့်
အိပ်မက်မပါတဲ့ညဆိုတာ
ဘယ်မှာ ရှိနိုင်ပ့ါမလဲကွယ်။

(၈)

ဗုဒ္ဓရှင်တော်ရဲ့ နောက်ဆုံးစကား
မင်းလည်း ကြားမိမှာပါပဲ။
"အပ္ပမာ ဒေန သမ္ပာ ဒေထ"
မမေ့မလျော့ မပေ့ါသော သတိနှင့်
ပြည့်စုံကြကုန်လော့. . . တဲ့။
အရာရာကို သတိသမ္ပဇဉ်
ဉာဏ်နှင့်ယှဉ်ပြီးရှု
အနုလုံ ပဋိလုံ သုံးသပ်
သတိပြတ်လို့ မဖြစ်ပေဘူး။
သတိမလစ်မှ
အရှိအဖြစ်ကို မြင်နိုင်ပေမယ်။

(၉)

ပန်းတွေက ဝေပါလျက်
လမ်းတွေက မခွေစေနဲ့။
မှုန်ပြေပြေ ဆည်းဆာညမှာ
အကျည်းတန် ကန့်လန့်ကာချပါလို့
မိုးသောက်ထ ရောင်နီအလာ
အောင်စည်သံသာ ကြိုရအောင်
နုပျိုတဲ့ ခွန်အားတွေနဲ့
တရားသစ် တွေးလော့။
အမှား အညစ် ဆေးလော့။
ခေါအသစ် သွေးလော့။
အဲဒါ "မိုးမသောက်တဲ့နှစ်များ"ကဗျာပါ။

ခုတော့ စာသင်စရာကျောင်းကလည်းမရှိ။ ကျွန်တော်တို့စာသင်စရာ ကျောင်းကလည်း မရှိ။ မဂ္ဂဇင်းတွေတော့ ရှိတော့ရှိတယ်။ မဂ္ဂဇင်းတွေကလည်း ဆုတ်ထားတဲ့စာမျက်နှာတွေဖြစ်နေတော့က ကိုယ့်ဘာသာ ဗလာစာအုပ်ထဲမှာပဲ ကဗျာတကုပ်ကုပ်ရေးပြီးတော့ နေရတော့မှာပဲ။ နောင်တစ်ချိန်တော့ ကျွန်တော်တို့အထင်ပေ့ါလေ။ ဒါ ကျွန်တော်တို့မျှော်လင့်ချက်။ သိပ်တော့ကြာမယ်မထင်ပါဘူး။ အဲဒီတော့ ဒါတွေ အားလုံးသော လူတွေရဲ့ ကိုယ့်စွမ်းပကားတွေ၊ ခံစားမှုတွေ ပွင့်လင်းလာတဲ့ ခေတ်ရောက်တော့မယ်။ ရောက်ဖို့ရာအတွက် ဟုတ်လား. . . ရဲဘော်တို့၊ မိတ်ဆွေတို့ ဒီခေတ်ကို လှုပ်လှုပ်ရှားရှားနဲ့ ကြိုးစားနေကြတာကို လုပ်နေကြတာကို ဂုဏ်လည်းယူပါတယ်။ ကျေးဇူးလည်းအလွန်တင်တယ်။ ချီးလည်း ချီးမွမ်းမိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နောင်တစ်ခေတ်ကို မျှော်မှန်းပြီးတော့ လူငယ်တွေနဲ့တကွ လူငယ်တွေဦးဆောင်လာတဲ့ အနာဂတ်ခေတ်သစ်ကို မျှော်မှန်းရင်း ကျွန်တော်တို့ ကဗျာလမ်းတွေနဲ့ ကြိုပ့ါမယ်လို့ ပြောရင်း နိဂုံးချုပ်ပါရစေ။

ကဗျာဆရာကြီးတင်မိုးဟောပြောခဲ့တာပါ။

ခေါင်းစဉ်က "အမေ့သား စကားတိုးတိုးပြောလှည့်ပါ"

ဟောပြောခဲ့တဲ့နေ့က (၉-၁၂-၁၉၈၈)၁၃၅၀ပြည့်နှစ်၊ စာဆိုတော်နေ့ နတ်တော်လဆန်း(၁)ရက်နေ့ပါ။

နေရာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစည်းအဝေးခန်းမ။

လူထုကြားမှာ လွတ်လွတ်လပ်လပ်စာပေဟောပြောခွင့် မတရားပိတ်ပင်ခံထားရတဲ့ အချိန်ကာလမှာပေ့ါ။ ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ စစ်အာဏာရှင်တွေရဲ့ မတရားဖမ်းဆီးထောင်သွင်းအကျဉ်းချထားခြင်းခံခဲ့ရပါတယ်။

၁၉၉၉ ခုနှစ်၊ ဩဂုတ်လ(၁၁)ရက်နေ့မှာ မတတ်သာလို့ နိုင်ငံခြားကို တိမ်းရှောင်ထွက်သွားခဲ့ရာက ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်နေ့၊ အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့မှာ ကွယ်လွန်ခဲ့ပါတယ်။

ဇန်နဝါရီ(၂၃)ရက်၊ ၂၀၀၇ခုနှစ် နေ့စွဲနဲ့ စာရေးဆရာမကြီး လူထုဒေါ်အမာက ခုလိုမှာတမ်းစကားမိန့်ကြားခဲ့ပါတယ်။

"သူဆုံးတယ်ကြားလိုက်တော့ နှမြောလိုက်တာ။ သူလိုလူ နှစ်ယောက်မရှိဘူး။ တို့ခေတ်မှာဇော်ဂျီ၊ မင်းသုဝဏ်ရှိတယ်။

ကဗျာဆိုတာ တစ်ယောက်တစ်မျိုးကောင်းကြတာပဲ။

မောင်တင်မိုးကတော့ ငါ့စိတ်ထဲ သူ့ကဗျာတွေက အိတယ်၊ ထိတယ်၊ မိတယ်။

ပိုပြီးတော့ ဗမာဆန်တယ်လို့ ခံစားရတယ်။

အခု အမေက ဘာမှမရေးနိုင်တော့ဘူး။

ကြီးပြီး အသုံးမကျတဲ့လူ(အဘွားကြီး)က သေရမှာ ၇၃နှစ်ရှိတဲ့မောင်တင်မိုး ဆုံးသွားရှာသတဲ့။

သူ့ကို မနေလို့သေရရင် ကိုယ့်နိုင်ငံမှာပဲ သေစေ့ချင်တယ်။ နောက်ဆုံးမြင်ရ၊ တွေ့ရ၊ သင်္ဂြိုဟ်ရတာပေ့ါ။

တင်မိုးရေ သွားတော့နော်. . . ။

ဘဝတွေရှိကြသေးတယ်ဆိုရင် နောင်ဘဝမှာ ဆုံကြ၊ တွေ့ကြသေးတာပေ့ါနော်. . . "

မင်းကိုနိုင်ကတော့-
"ဖလ်မီးအိမ်သို့ အလွမ်းစာ"
မန်းတက္ကသိုလ်သင်ပုန်းမှာ
ဆရာရေးပြရင်း
"ဖြောက်"ခနဲ ထက်ပိုင်းကျိုးတဲ့ မြေဖြူခဲဟာ
ဆရာကိုယ်တိုင်ဖြစ်ခဲ့ပြီ
သေချာပါပြီ
ဇာတိအညာ ကန်မြဲရွာကို
ဆရာ့ဝိညာဉ်ပြန်သွားပြီ။
"အမေ့ကျောင်း"အတွက်
"မနီ"အတွက်
"ဖလ်မီးအိမ်"တစ်လက်နဲ့ "ပိတောက်မှသရဖီ"
"ကန္တာရနှစ်များ"ဆီ
ဆရာပစ်ချတဲ့ သက်ပြင်းမောမှာ
မေတ္တာလေညင်းပါနေတုန်း။
ဆရာ
ကျွန်တော်တို့မှာ
မဒမ်တုဆော့ပြတိုက်လို
ဖယောင်းရုပ်တုလုပ်ပေးဖို့တော့ မတတ်နိုင်။
ဆရာထားခဲ့သမျှ
ကဗျာဝိညာဉ်မျိုးစေ့များစွာကို
လက်လှမ်းမီသမျှ နှလုံးသားတွေပေါ်
ကျွန်တော်တို့ ကြဲပက်ပေးပါရစေ. . လို့ ဂုဏ်ပြုအမှတ်တရစကားအလင်္ကာ ရင်နာစွာရေးဖွဲ့ခဲ့ပါတယ်။

နှစ်ပေါင်း ၃၀နီးပါး ကိုယ်နဲ့မကွာသိမ်းဆည်းထားခဲ့တဲ့ မှတ်တမ်းစာကို လက်ဆင့်ကမ်းဂုဏ်ပြုမျှဝေလိုက်တာပါ။

မြန်မာပြည်ကိုချစ်ပါ။ ဒီမိုကရေစီသူရဲကောင်းတွေကို လေးစားမြတ်နိုးဂုဏ်ယူပါ။ လွတ်လပ်မှုနဲ့ ငြိမ်းချမ်း ရေးကို မြတ်နိုးပါ။ ထိန်းသိမ်းပါ။ မြန်မာပီသ ညီညွတ်နိုင်ကြပါစေ။

**စာညွှန်း** ♦ ဖလ်မီးအိမ်သို့အလွမ်းစာများ၊
အင်တာနက်။
♦ "မြသန်းတင့် အင်တာဗျူး"
ဝင်းငြိမ်း ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၉၂ခုမတ်လ။

♦မြမိုးဆက်♦

www.free4readers.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယသတင်း
# THE SUN RAYS

Vol.1 No.184 WEEKLY NEWS JOURNAL 27th January 2018

တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့

## စုဖုရားလတ် နောက်ဆုံးမျက်နှာ

မြသန်းတင့်



www.free4readers.com

# ဗုဒ္ဓသာသနာတော်တည်တံ့မှ မြန်မာနိုင်ငံတော် အဓွန့်ရှည်မည်

မန္တလေးမြို့တွင် မြန်မာ၊ ထိုင်း သံဃာအပါး (၂၀၀၀၀) ဆွမ်းဆန်စိမ်းလောင်းပွဲ ကျင်းပ ၂၁ – ၁ – ၂၀၁၈

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ရုရှားကာကွယ်ရေးဝန်ကြီး တွေ့ဆုံပြီး ရုရှား – မြန်မာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် သဘောတူ

မြောက်ဦးဖြစ်စဉ်ကဲ့သို့ ထပ်မဖြစ်ရ ရခိုင်ပြည်နယ်၌ လုံခြုံရေးတိုးမြှင့် ၂၁ – ၁ – ၂၀၁







ကူဗိတ်ကို အိမ်ဖော်စေလွှတ်မှု ပိတ်ပင်ရန်စဉ်းစား နေဟု ဖိလစ်ပိုင်သမ္မတ ဒူတာတေး ပြောကြား ၁၉ – ၁ – ၂၀၁၈

ဥရောပသမဂ္ဂမှ နုတ်ထွက်မည့် ဥပဒေကြမ်း ဗြိတိန်အောက်လွှတ်တော် အတည်ပြုလိုက်ပြီ ၂၀ – ၁ – ၂၀၁၈

နေပြည်တော်တွင် လွန်ခဲ့သည့်နှစ် (၅၀၀ ခန့်မှ ငလျင်ပြတ်ရွေ့ကြောများ တွေ့ရှိ ၂၁ – ၁ – ၂၀၁







မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်ကို ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းလဲခန့်ထား

မိတ္ထီလာခရိုင်အတွင်း တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ရွာ (၄၀) ကျော် လျှပ်စစ်မီးသွယ်ပေးမည် ၁၈ – ၁ – ၂၀၁၈

ကျောက်မြေ – ရန်ကုန်ကားလမ်းတွင် လမ်းခ လျက်ရှိသည့် လမ်းကြိတ်စက်ရိုလာနှစ်စီး ညအချိန်တွင် မျက်ဆီးခံရ ၂၀ – ၁ – ၂၀၁၈







ရှစ်လေးလုံးပါတီ မန္တလေးတိုင်းစည်းရုံးရေး ကော်မတီ ဖွဲ့စည်း ၂၁ – ၁ – ၂၀၁၈

ထိုင်းစစ်တပ်အုပ်ချုပ်နေမှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများဖြစ်ပွားပြီး ဆန္ဒပြသူ ရာဂဏန်းခန့် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရ ၂၀ – ၁ – ၂၀၁၈

မန္တလေးမြို့ရှိမှန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို ရပ်ကွက်နေပြည်သူ (၁၀၀) ကျော် မနော်ရမ်ကွင်းတွင် ဆန္ဒပြကန့်ကွက် ၂၁ – ၁ – ၂၀







www.free4readers.com

## ဘိုးတော်ဘုရားခေတ်မှ မရှန်းထွက်နိုင်သေးသော ဦးအေးမောင်နှင့် အပေါင်းအပါ AA

ဒီနေ့ ၂၀၁၈ ဆိုတာ (၂၁)ရာစုထဲဝင်လို့ ဒုတိယဆယ်စုနှစ်တောင် ပြည့်တော့မှာဖြစ်တယ်။ ဒေါက်တာအေးမောင်နဲ့ AA လက်နက်ကိုင်တွေကတော့ ဘိုးတော်ဘုရားခေတ် ၁၇၈၄ (၁၈)ရာစုထဲမှာပဲ အိပ်မက်မက်နေတုန်းပဲခင်ဗျ။

ဒေါက်တာအေးမောင်နဲ့ အပေါင်းအပါအစွန်းရောက်တွေဟာ 'ရခိုင်ပြည်လွတ်လပ်ရေး' 'ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း ၂၃၃နှစ်မြောက်နေ့' 'ဗမာ့ကျွန်' 'လက်နက်ကိုင်တော်လှန်ရေးဖြင့် ရခိုင်ပြည်လွတ်လပ်ရေး' ဆိုတဲ့စကားလုံးတွေနဲ့ ရခိုင်လူမျိုးတွေကို စည်းရုံးလှုံ့ဆော်နေပါတယ်။

ဒေါက်တာအေးမောင်တို့၊ AAလက်နက်ကိုင်အဖွဲ့က ထွန်းမြတ်နိုင်တို့၊ ညိုထွန်းအောင်တို့၊ခိုင်သုခတို့ ရခိုင်ပြည်ကို ချစ်ပါတယ်ဆိုတဲ့စိတ်ထားထက် ကျပ်လည်းတစ်ပြားသားမျှ မလျော့တဲ့စိတ်ထားနဲ့ ရခိုင်ပြည်ကို ချစ်တယ်ခင်ဗျ။

ဒီနေ့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဗမာလူမျိုးဟာ (၆၇)ရာခိုင်နှုန်းရှိတယ်၊ အဲဒီ ဗမာလူမျိုးတွေက ကျန်တိုင်းရင်းသားတွေကို ကျွန်ပြုနေတယ်လို့ ဒေါက်တာအေးမောင် စွပ်စွဲချက်ဟာ လုံးဝအခြေအမြစ်မရှိပါ။

မြန်မာနိုင်ငံတော်ရဲ့ ပထမဆုံးသမ္မတဟာ ရှမ်းလူမျိုး စဝ်ရွှေသိုက်ပါ။ ဒုတိယမြောက်သမ္မတဟာ ကရင်လူမျိုး မန်းဝင်းမောင်ပါ၊ ဒီနေ့ လူဦးရေအများဆုံးဆိုတဲ့ ဗမာလူမျိုးတွေကို ဆန်းစစ်ကြည့်ရင် အများစုဟာ ဗမာလို့ ခံယူထားကြပေမယ့် မွန်-ဗမာ၊ ကရင်-ဗမာ၊ ရခိုင်-ဗမာ၊ ရှမ်း-ဗမာ သွေးနှောထားတဲ့ ပြည်ထောင်စုသားတွေ အများဆုံးဖြစ်နေကြပါပြီ။ မြန်မာပြည်ရဲ့ ပထမဆုံးဝန်ကြီးချုပ် ဦးနုဟာ ဧရာဝတီတိုင်း ဝါးခယ်မဇာတိပါ၊ ဦးနုဟာလည်း ဝါးခယ်မဇာတိဖြစ်တဲ့အတွက် ကရင်သွေးပါနိုင်ပါတယ်၊ ဗမာခေါင်းဆောင်လို့ ယူဆထားကြတဲ့ ဦးနုတောင် ကရင်-ဗမာဖြစ်ဖို့များပါတယ်။

ဒီမိုကရေစီခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ နတ်မောက်က အညာသား ဗမာလူမျိုး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဧရာဝတီတိုင်း မြောင်းမြသူ ကရင်ကပြား ဒေါ်ခင်ကြည်တို့က မွေးဖွားလာတဲ့ ကရင်-ဗမာသွေးနှောသူတစ်ဦးပါ။

ဒီကနေ့ သမ္မတကြီး ဦးထင်ကျော်ဟာလည်း မွန်-ဗမာပါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာလည်း အညာက ဗမာလူမျိုးလို့ ပြောလို့မရဘဲ တနင်္သာရီတိုင်းသား ထားဝယ်လူမျိုးပါ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ဇနီး ဒေါ်ကြူကြူလှဟာ ရခိုင်လူမျိုးအစစ်ပါ။ တပ်မတော်ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းဟာ ရှမ်း-ဗမာပါ။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်ဟာ ရခိုင်လူမျိုးပါ။ ပြည်ထောင်စုပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့်ဟာ ရခိုင်လူမျိုးပါ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ဒေါ်အောင်ဆန်းစုကြည်အားအကိုးရဆုံးဖြစ်ခဲ့တဲ့သူတွေထဲမှာ ဦးစောမရအောင်ဟာ ရခိုင်လူမျိုးပါ။ ဒေါ်အောင်ဆန်းစုကြည်အနားမှာ အနီးကပ်အကြံပေးအဖြစ် နှစ်ပေါင်းများစွာ နေထိုင်ခဲ့တဲ့ ဒေါက်တာတင်မာအောင်(ဦးစောမရအောင်၏သမီး)ဟာ ရခိုင်လူမျိုးပါ။

စစ်သည်အင်အား ငါးသိန်းဝန်းကျင်ရှိတဲ့ မြန်မာ့တပ်မတော်ထဲမှာ ရခိုင်လူမျိုးစစ်သားတွေ အများအပြား တာဝန်ထမ်းဆောင်နေပါတယ်။ တပ်မတော်ထဲမှာ ရခိုင်လူမျိုးအရာရှိ ဗိုလ်ချုပ်တွေ၊ ဗိုလ်မှူးကြီးတွေ၊ ဗိုလ်မှူးတွေ အများအပြားပါဝင်နေပါတယ်။

အနာဂတ်မြန်မာပြည်မှာလည်း အတိတ်နဲ့ ပစ္စုပ္ပန်လိုပဲ ရခိုင်လူမျိုး သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ ဗိုလ်ချုပ်ကြီးတွေ၊ ရခိုင်လူမျိုး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တွေ ဖြစ်ပေါ်လာဦးမှာဆိုတာလည်း သေချာနေပါတယ်။

မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကယား၊ ကချင်စတဲ့ အဓိကတိုင်းရင်းသားအနွယ်တွေထဲမှာ ဗမာနဲ့ ရခိုင်ဟာ ကျန်တိုင်းရင်းသားတွေထက်တောင် သွေးပိုနီးပါတယ်။ တကယ်တမ်းဆန်းစစ်ကြည့်ရင် ရခိုင်နဲ့ ဗမာဆိုတာ လူမျိုးစုတိုင်းရင်းသားနှစ်မျိုးလို့တောင် သတ်မှတ်ဖို့မလိုဘဲ လူမျိုးစုတစ်ခုတည်း တိုင်းရင်းသားတစ်ခုတည်းလို့ သတ်မှတ်လို့တောင် ရပါတယ်။ ရခိုင်တွေပြောတဲ့စကားနဲ့ ဗမာစကားဟာ အားလုံးနီးပါး တူနေပါတယ်။ အသံဝဲသွားပုံ၊ ကွဲသွားတာရယ် အသံယိုင်သွားပုံ မတူတာတွေပဲ ရှိပါတယ်။ ယဉ်ကျေးမှုအရကြည့်ရင်ပဲဖြစ်ဖြစ်၊ ကိုးကွယ်တဲ့ဘာသာတရားမှာပါ အားလုံးထပ်တူထပ်မျှ တူနေပါတယ်။ အသားအရောင်၊ မျက်နှာသွင်ပြင်၊ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ ကိုးကွယ်တဲ့ဘာသာတွေမှာ ရခိုင်နဲ့ဗမာဟာ အားလုံးတူညီနေတဲ့အပြင် ခေါ်ဝေါ်တဲ့အမည်နာမတွေလည်း အားလုံးနီးပါး တူညီနေပါတယ်။

ဒီနေ့ ဗမာကျွန်လို့ စွပ်စွဲနေတဲ့ ဒေါက်တာအေးမောင်ရဲ့အမည်ဟာ ရခိုင်နာမည်သာဖြစ်တယ်လို့ ပြောလို့ရပါသလားခင်ဗျာ။ ဦးအေးမောင်ဆိုတဲ့ နာမည်နဲ့ ဗမာလူမျိုးတွေ ရိုက်သတ်လို့တောင် မကုန်နိုင်ဘူးခင်ဗျ။ AA လက်နက်ကိုင်အဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်တဲ့ ထွန်းမြတ်နိုင်နာမည်ဟာ ရခိုင်နာမည်သာဖြစ်တယ်လို့ ပြောလို့ရပါသလား။ ထွန်းမြတ်နိုင်အမည်နဲ့ ဗမာတွေလည်း ရိုက်သတ်လို့ မကုန်ဘူးခင်ဗျ။ ယနေ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရခိုင်လူမျိုး ဦးညီပုအမည်နဲ့ မြန်မာပြည်ရဲ့ပထမဆုံးရုပ်ရှင်ထုတ်လုပ်သူ ဒါရိုက်တာ ဦးညီပုအမည်ဟာ ဘာကြောင့် လာတူနေသလဲခင်ဗျ။

လူမျိုးတစ်မျိုးရဲ့လူပုဂ္ဂိုလ်အမည်တွေဟာ အဲဒီမျိုးနွယ်စုရဲ့အကောင်းဆုံး သမိုင်းမှတ်တမ်းပဲဖြစ်တယ်။ ရခိုင်နာမည်တွေနဲ့ ဗမာနာမည်တွေ အားလုံးနီးပါး တူညီနေတာဟာ ရခိုင်-ဗမာဆိုတာ လူမျိုးတစ်မျိုးတည်းပဲဖြစ်တယ်ဆိုတဲ့ အချက်ကိုသက်သေပြဖို့ အကောင်းဆုံးသမိုင်းမှတ်တမ်းပဲခင်ဗျ။

ရခိုင်-ဗမာတွေရဲ့ လူပုဂ္ဂိုလ်တွေ နာမည်တွေကိုကျော်ပြီး မြို့တွေဒေသတွေရွာတွေ မြစ်တွေနာမည်ကို ကြည့်လိုက်ရင်လည်း ရခိုင်ပြည်နဲ့ ဗမာပြည်ဟာ အားလုံးနီးပါး တူနေပါတယ်။

ရခိုင်ပြည်ကို အုပ်ချုပ်ခဲ့တဲ့ ရခိုင်ဘုရင်တွေနဲ့ ဗမာဘုရင်တွေဟာ သမိုင်းတစ်လျှောက်လုံး စစ်ဖြစ်လိုက်၊ ငြိမ်းချမ်းရေးယူလိုက်၊ သားတော်သမီးတော်တွေ လဲလှယ်ပြီး လက်ဆက်လိုက်နဲ့ သူတစ်ပြန်ကိုယ်တစ်ပြန် အနိုင်အရှုံးဖြစ်ခဲ့ကြတာဟာ ရှောင်လွှဲလို့မရခဲ့တဲ့ သမိုင်းမြစ်ရဲ့ ပကတိစီးဆင်းခဲ့မှုတစ်ခုပါပဲ။

မြို့ပြလက်နက်နိုင်ငံတော်တွေအဖြစ် ထူထောင်ခဲ့ကြတဲ့ ဗမာ၊ ရခိုင်၊ မွန်၊ ပျူ မောရှမ်းနိုင်ငံတော်တွေကြားမှာ သူတစ်ပြန်ကိုယ်တစ်ပြန် အနိုင်ယူခဲ့ကြသလို ရှုံးလို့ ရှုံးတဲ့သူက နိုင်တဲ့ဘုရင်အနောက်ပါသွားခဲ့ကြတဲ့ ဖြစ်ရပ်တွေဟာ ရခိုင်နဲ့ဗမာ ကြားမှာတင်မကပါဘူး။

×××

ဘီစီ(၂၀၀)နဲ့ အေဒီ(၉၀၀)အကြား ဧရာဝတီမြစ်ဝှမ်းအလယ်မှာ ဗိဿနိုးနဲ့ သရေခေတ္တရာ ပျူနိုင်ငံတွေ ထွန်းကားခဲ့ပါတယ်၊ အေဒီ(၅)ရာစုဝန်းကျင်မှာ သရေခေတ္တရာဘုရင် ဒွတ္တပေါင်မင်းက ဗိဿနိုးပြည်ကို နိုင်တဲ့အခါ ဗိဿနိုးဘုရင်မပန်ထွာကို ဖမ်းဆီးပြီး သရေခေတ္တရာကို ခေါ်သွားပါတယ်။

အေဒီ(၁၁)ရာစုမှာ အနော်ရထာရဲ့ပုဂံစစ်တပ်က သထုံပြည်ကို နိုင်တဲ့အခါ သထုံဘုရင် မနူဟာနဲ့ ဆွေတော်မျိုးတော်တွေ အားလုံးသာမက ကျောက်ဆစ်ပိသုကာရှင်တွေအားလုံးကို ပုဂံကို ခေါ်သွားခဲ့တယ်။

၁၅၈၁ မှာ ဘုရင့်နောင်ကျော်ထင်နော်ရထာ ကံကုန်ပြီး သားတော်နန္ဒဘုရင်လက်ထက်မှာ ဟံသာဝတီပဲခူး(မွန်)ကို ရခိုင်ဘုရင် စစ်တပ်တွေရောက်လာပြီး တိုက်ခိုက်အနိုင်ရပြီး ဟံသာဝတီပဲခူးကို မီးရှို့ဖျက်ဆီးပြီး ဟံသာဝတီက အဖိုးတန်အနုပညာတွေကို ရခိုင်ကို သယ်ယူသွားခဲ့ပါတယ်။

၁၇၅၂ မှာ ဗိုလ်ချုပ်ဒလဗန်းရဲ့ဟံသာဝတီ(မွန်)စစ်တပ် အင်းဝ(ဗမာ)ကိုနိုင်တဲ့အတွက် အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိနဲ့ ဆွေတော်မျိုးတော်အားလုံးကို ဟံသာဝတီပဲခူးကို ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။

## ၁၇၈၄ ဘိုးတော်ဘုရားဗဒုံမင်း ရခိုင်ပြည် မြောက်ဦးသို့ စစ်ချီခြင်း

၁၇၈၄မှာ အမရပူရဘုရင် ဘိုးတော်ဘုရား (ဗဒုံမင်း)ဟာ ရခိုင်ပြည်ကို စစ်တပ်လွှတ်ပြီး တိုက်ခိုက်

# မြောက်ဦးလေမုန်တို



ပါတယ်။ ဗဒုံမင်းရဲ့သားတော် ဦးဆောင်တဲ့ အမရပူရတပ်တွေဟာ ဓညဝတီ(ရခိုင်)ကို သိမ်းနိုင်ခဲ့တယ်။

ဘိုးတော်ဘုရားသည် ဓညဝတီပြည်ကြီးကို သိမ်းပိုက်ရန် အမရပူရမှ အင်အား(၃၃၀၀၀)ရှိသော တပ်တော်ဖြင့် ချီတက်စေသည်။

ဓညဝတီပြည်ကို အုပ်စိုးနေသောမင်းမှာ မဟာသမ္မတမင်း (Maha Thamada ၁၇၈၂- ၁၇၈၅)ဖြစ်၏။ ဘိုးတော်ဘုရား၏ အမရပူရစစ်တပ် ချီတက်သော လမ်းကြောင်းမှာ စစ်ကိုင်းကို အရင်ချီတက်ပြီး ထိုမှတစ်ဆင့် ကျောက်တလုံးရွာတွင် နားကြ၏။ ထိုကမှ ပုဂံအနောက်ဘက်တန့်ကြည့်ကျွန်းတွင် နားကြသည်၊ တန့်ကြည့်ကျွန်းမှ မင်းလှမင်းခေါင် ဦးဆောင်သော တပ်ပေါင်းစုသည် မင်းဘူးမှတစ်ဆင့် ဘားအိုင်ကြောင်းဖြင့် ရခိုင်သို့ အလျင် ချီတက်ရလေ၏။

အိမ်ရှေ့မင်းသားမဟာဥပရာဇာဦးဆောင်သော တပ်ပေါင်းစုမှာမူ ပြည်မြို့သို့ ချီတက်၏။ ပြည်တွင် စခန်းနှစ်ရက်ချပြီးနောက် ဗျူဟာအတိုင်း သံတွဲ၊ရမ်းဗြဲ၊ မာန်အောင်များကို ရအောင်တိုက်ရန် စစ်ပြင်တော့သည်၊ ရခိုင်ဘုရင်လည်း ဘိုးတော်ဘုရား၏စစ်ချီတက်သော သတင်းကိုကြားသော် မြောက်ဦးမြို့ကို အခိုင်အမာဖြစ်အောင် လုပ်လေသည်၊ မြို့ရိုးများပေါ်တွင် အမြောက်ကြီးများ တင်ပြီး ခုခံရန်ပြင်ဆင်၏။

အမရပူရအိမ်ရှေ့မင်းသား၏တပ်သည် ပြည်မြို့မှချီတက်ပြီး တောင်ကုတ်မြစ်ဆိပ်တွင် တခဏ တပ်ချလေ၏။ ဘားအိုင်ကြောင်းဖြင့် ချီတက်သော မင်းလှမင်းခေါင်နှင့် မင်းသား သတိုးမင်းစောတို့ တပ်သည် ရခိုင်ဘုရင်မှ လွှတ်လိုက်သော ရခိုင်ဗိုလ်မှူးပေါလုံ၏ ရှေ့ပြေးတပ်နှင့်တွေ့ကာ စစ်ဖြစ်ကြလေသည်၊

ရခိုင်ဗိုလ်မှူးသည် အင်အားအနည်းငယ်ဖြင့် စနည်းနာရန်သာ ထွက်လာခြင်း ဖြစ်သဖြင့် မထင်မှတ်ဘဲ အမရပူရတပ်ကြီးနှင့်တွေ့သဖြင့် အနည်းငယ်သာ တိုက်ပြီး တပ်ကိုဆုတ်ကာ မြောက်ဦးသို့ ဘုရင်ကို သတင်းပို့ရန် ဆုတ်လေ၏။ ထိုစဉ် အိမ်ရှေ့မင်းသား၏ တပ်များသည် သံတွဲမြို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်လေသည်၊ သံတွဲကို သိမ်းပြီးနောက် မင်းလှမင်းခေါင်တို့၏တပ်နှင့် ပူးပေါင်းပြီး တောင်ကုတ်၊ ရမ်းဗြဲကျွန်းတို့ကို စတင်တိုက်ခိုက်လေသည်။

ရမ်းဗြဲကျွန်းတွင်ခံသော ရခိုင်အိမ်ရှေ့မင်းသားကိုယ်တိုင် ခံတပ်ဖြင့် အလုံးအရင်းအခိုင်နေကာ အမရပူရ တပ်အလာကို စောင့်ကြိုနေလေ၏။ အမရပူရတပ်များလည်း ရမ်းဗြဲကျွန်းခံတပ်ကို အလုံးအရင်းတိုက်ကြလေ၏၊ အမရပူရ၏ ထိုးစစ်ကိုမခံနိုင်သဖြင့် ရခိုင်အိမ်ရှေ့မင်းသည် ရမ်းဗြဲကျွန်းခံတပ်မှ သင်္ဘောဖြင့် ဆုတ်ခွာရလေ၏။

ရမ်းဗြဲကျွန်းကို အနိုင်ရသော်နှစ်ရက်ခန့်နားပြီး မြောက်ဦးမြို့ကို တိုက်ရန် စစ်ပြင်လေတော့သည်၊ ထိုသို့ အမရပူရတပ်များ ရခိုင်အိမ်ရှေ့စံ၏တပ်ကို အနိုင်ရသောသတင်းကို ပျံ့နှံ့သွားရာ ရခိုင်ဘုရင်အောက်ရှိ နယ်စား၊ မြို့စားများသည် ဘိုးတော်ဘုရား၏တပ်အောက်သို့ အညွှံခံ ဝင်လာကြကုန်လေ၏။

အမရပူရ အိမ်ရှေ့မင်း၏တပ်သည် မြောက်ဦးမြို့စပ်နားတွင် ဆီးကြိုနေသော ရခိုင်ဘုရင်၏ တပ်နှင့်တွေ့လေ၏။ အိမ်ရှေ့မင်းသားလည်း ဆင်ကို ချွန်းဖွင့်ကာ မိမိကိုယ်တိုင် ရှေ့မှနေကာ ထွက်တိုက်လေ၏၊ အမရပူရ တပ်ကြီးနှင့် ရခိုင်ဘုရင်၏တပ်ကြီး အပြင်းအထန်တိုက်ကြရာ နှစ်ဦးနှစ်ဖက် အကျအရှုံးများကြ၏။ ရေကြောင်းတွင်လည်း နှစ်ဦးနှစ်ဖက် အပြင်းအထန်တိုက်ကြ၏။

သို့သော်လည်း အမရပူရဘက်မှ အင်အားသာသဖြင့် ရခိုင်ဘုရင်တပ်များ မခုခံနိုင်တော့ဘဲ တပ်ပျက်ကာ ရခိုင်ဘုရင်ကိုယ်တိုင် စီးတော်မြင်းဖြင့် မြောက်ဦးမြို့တွင်းသို့ ဝင်လေသည်၊ ထိုအခါမှ အိမ်ရှေ့မင်းသည် မြောက်ဦးမြို့နှင့်မနီးမဝေးနေရာ အမြောက်လွတ်သော နေရာတွင် တပ်စခန်းချလေသည်၊ ရခိုင်ဘုရင်သည် နန်းတော်တွင် အမတ်များနှင့် တိုင်ပင်လေ၏။

အမတ်များကငြိမ်းချမ်းရေးအရင်ယူကာ နိုင်ငံတော်ကို ထိန်းသိမ်းပြီး အင်အားကြီးလာပါမှ ပြန်လည်တိုက်ရန်အကြံပေးကြ၏။ သို့သော် ရခိုင်ဘုရင်မှ သဘောမတူဘဲ သင့်ရာအရပ်တွင် ရှောင်နေပြီးမှ အမရပူရ တပ်

www.free4readers.com

# င်းနဲ့ရခိုင်ပြည်ဘယ်လဲ

မိုးဟိန်း(သူရိယနေဝန်း)



များ ဆုတ်သွားလျှင် ထီးနန်းကို ပြန်လည် သိမ်းယူမည်ဟု ဆိုကာ ညဥ့်သန်းခေါင်တွင် မိဖုရား၊ သားတော်၊ သမီးတော်များ၊ ကိုယ်ရံတော်တပ်ဖြင့် မြောက်ဦးမှ ထွက်တော်မူလေ၏။

ရခိုင်အမတ်တို့လည်း နောက်နေ့မနက်တွင် မြောက်ဦးမြို့တံခါးကိုဖွင့်ကာ လက်ဆောင်များဖြင့် မြို့ကို သိမ်းယူပါရန် အမရပူရအိမ်ရှေ့မင်းသားထံ လာရောက်လျှောက်တင်ကြရလေတော့၏။

အမရပူရအိမ်ရှေ့မင်းသားမဟာဥပရာဇာသည် အေဒီ ၁၇၈၅ ဇန်နဝါရီလ (၂)ရက်နေ့တွင် ဓညဝတီပြည်ကြီးကိုသိမ်းပိုက်လေသည်။ ရခိုင်ဘုရင် မဟာသမ္မတကိုလည်း တပ်တော်များလွှတ်ပြီး လိုက်လံရှာဖွေလေရာ ဖမ်းဆီးရမိသည်။

ထိုသို့ မြောက်ဦးကို အောင်နိုင်သောအခါ ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းသား မဟာဥပရာဇာက မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို အမရပူရသို့ ပင့်ဆောင်ခဲ့လေသည်။ ရခိုင်ဘုရင် မဟာသမ္မတကိုလည်း အမရပူရသို့ ခေါ်ဆောင်သွားလေသည်။

## ပဒေသရာဇ်ခေတ်မှာ စစ်နိုင်သူသည် သူရဲကောင်း

သမိုင်းမြစ်ဆိုတာ သူ့ခေတ်ကာလ ရေစီးကြောင်းအတိုင်း စီးဆင်းခဲ့ကြတာ ဖြစ်တယ်။ ပုဂံခေတ်၊ မြောက်ဦးခေတ်၊ ဓညဝတီခေတ်တွေကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာတွေ ဖက်ဒရယ်ပြည်ထောင်စုဆိုတာတွေနဲ့ သွားတိုင်းတာလို့ မရဘူးခင်ဗျ။ အဲဒီပဒေသရာဇ်ခေတ်တွေမှာ သူ့ခေတ်ရဲ့တိမ်းညွတ်တဲ့ရေစီးကြောင်းဟာ နိုင်သူအကုန်ယူ စနစ်ပဲ ဖြစ်ခဲ့ပါတယ်။ တိုင်းတစ်ပါးကို စစ်နိုင်သူဘုရင်ဟာ သူရဲကောင်းပါပဲ။ စစ်နိုင်သူဘုရင်ပြုသမျှဟာ အမှန်တရားချည်းပါ။ စစ်ရှုံးသူဟာ စစ်နိုင်သူလက်ထဲမှာ ပြုသမျှနုရသူသာ ဖြစ်ပါတယ်။

ပုဂံဘုရင် အနော်ရထာက သထုံပြည်ကို သိမ်းခဲ့တာဟာ ဗုဒ္ဓဘာသာရဲ့အမွေအနှစ် ပိဋကတ်သုံးပုံပင့်ဆောင်ချင်လို့ ပေါ်ပေါက်ခဲ့တဲ့စစ်ပွဲလို့ ခေါ်ဆိုခဲ့ကြတယ်။ ပိဋကတ်သုံးပုံကို ပုဂံဖြည်ပင့်ဆောင်ဖို့ သထုံပြည်ကို သိမ်းခဲ့တယ်ဆိုတာ အကြောင်းပြချက်လား။ အစစ်အမှန်လားဆိုတာတော့ သမိုင်းဆရာတွေ ဆုံးဖြတ်ကြရမှာပဲ။

ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးမှာ အနော်ရထာလို သထုံပြည်သိမ်းပြီး သထုံဘုရင်ကို ပုဂံကို ခေါ်ဆောင်သွားတာဟာပထမအကြိမ်မဟုတ်ပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော် ဘီစီ(၅၃၈)ကလည်း ဣသရေလဂျူးလူမျိုးတွေရဲ့ မြို့တော်ဂျေရုဆလင်ကို ပါရှန်အင်ပါယာဘုရင် ဆိုင်းရပ်စ်က သိမ်းပိုက်ခဲ့ပြီး ဣသရေလဘုရင်နဲ့ လူမျိုးတွေကို ပါရှန်ပြည် ဘေဘီလုံမြို့ကို ခေါ်ဆောင်သွားခဲ့တာဟာ အခိုင်အမာရှိပါတယ်။

သမိုင်းမြစ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ရာဂဏန်းအထိ စစ်နိုင်သူဘုရင်တွေက စစ်ရှုံးနိုင်ငံရဲ့ဘုရင်နဲ့အမွေအနှစ်တွေကို သယ်ဆောင်သွားခဲ့ကြတာဟာ ဓလေ့ထုံးစံသဖွယ် ဖြစ်ခဲ့ပါတယ်။

၁၇၈၄ အမရပူရဘုရင် ဘိုးတော်ဘုရားဟာ ရခိုင်ပြည်ကို သိမ်းနိုင်ခဲ့ပြီး ရခိုင်ဘုရင်နဲ့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို အမရပူရမြို့ကို ပင့်ဆောင်ခဲ့တာဟာ အဲဒီခေတ်က ပဒေသရာဇ်ဘုရင်တစ်ပါးဖြစ်တဲ့ ဘိုးတော်ဘုရားနဲ့သာ သက်ဆိုင်ပါတယ်။ အဲဒီအချိန်က ပြောင်းပြန်စဉ်းစားကြည့်ရင် ရခိုင်ဘုရင် မဟာသမ္မတရဲ့ စစ်တပ်တွေက အမရပူရကို သိမ်းခဲ့ရင်လည်း ဘိုးတော်ဘုရားဟာ ရခိုင်ပြည်ကို ပါသွားခဲ့မှာ သေချာပါတယ်။

## (၂၁)ရာစု မြန်မာပြည်ရဲ့ဆာလောင်မှုဟာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု

ဒီနေ့ခေတ်ကာလဟာ (၂၁)ရာစု ရောက်နေပါပြီ။ ဒီနေ့ခေတ်ရဲ့ ဆာလောင်မွတ်သိပ်မှုဟာ ငြိမ်းချမ်းရေး၊ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုနဲ့ တိုးတက်ခေတ်မီတဲ့ ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်ပါတယ်။

ဒီနေ့ခေတ်ကာလရဲ့ ဆန့်ကျင်ဘက်အရပ်မှာ သမိုင်းထဲက အမုန်းတရားတွေကို ဝါဒဖြန့်နေတဲ့လူစုလူဝေးတချို့ရှိပါတယ်။ အဲဒီလူတွေကတော့ ဒေါက်တာအေးမောင်လို ခေတ်နဲ့မကိုက်ညီတော့တဲ့ ဘိုးတော်ဘုရားခေတ်ထဲက ရုန်းမထွက်နိုင်သေးတဲ့ အစွန်းရောက်လူမျိုးရေးဝါဒီတွေ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ကြိုးပမ်းနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုနဲ့ ငြိမ်းချမ်းရေးသာလျှင် ဒီကနေ့သမိုင်းမြစ်ရဲ့ စီးဆင်းမှုတစ်ခုတည်းသော လားရာ ဖြစ်ပါတယ်။ ဒေါက်တာအေးမောင်နဲ့ AA တို့ဟာ ငြိမ်းချမ်းရေးနဲ့ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကို လက်မခံဘဲ ငြင်းဆန်ပြီး ဘိုးတော်ဘုရားရဲ့ပဒေသရာဇ်ခေတ်ထဲမှာ ရခိုင်ပြည်လွတ်လပ်ရေးနဲ့ ဗမာကျွန်ဆိုပြီး နားနှစ်ဖက်ပိတ်ပြီး ကုန်းအော်နေခြင်းသာ ဖြစ်ပါတယ်။ ရခိုင်ပြည်လွတ်လပ်ရေးအတွက်ဆိုပြီး လူသူလက်နက်စုဆောင်းတိုက်ခိုက်နေတဲ့ AA ဟာ ဘိုးတော်ဘုရားခေတ်ကို အိပ်မက်မက်နေတဲ့ အစွန်းရောက်လက်နက်ကိုင်အဖွဲ့သာဖြစ်ပြီး ရခိုင်ပြည်ကို ကြိုးစင်ပေါ်ရောက်အောင် တင်နေသူတွေသာ ဖြစ်ပါတယ်။

ဒီကနေ့ ဖြစ်ပေါ်နေတဲ့ ပကတိလက်တွေ့နိုင်ငံရေးအခြေအနေအရ ကြည့်ကြည့်၊ လက်ရှိပထဝီနိုင်ငံရေးအမြင်အရပဲ တွေးတွေး၊ ရခိုင်ပြည်လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်စရာ တစ်ချက်မှမရှိတဲ့ စိတ်ကူးယဉ်မှုမျှသာ ဖြစ်ပါတယ်။ မြေပေါ်အဖျက်သမား ဒေါက်တာအေးမောင်နဲ့ မြေအောက်အစွန်းရောက် AA တို့ရဲ့ ရခိုင်လူထုအပေါ် လမ်းမှားညွှန်ပြပေးနေတဲ့ အိပ်မက်မျှသာ ဖြစ်ပါတယ်။

ရခိုင်ပြည်လွတ်လပ်ရေးဆိုတာ လုံးဝမဖြစ်နိုင်တဲ့ စိတ်ကူးယဉ်အိပ်မက်သာ ဖြစ်ပါတယ်။ ရခိုင်လွတ်လပ်ရေးသာမက ဗမာပြည်လွတ်လပ်ရေးဆိုတာလည်း အလားတူပါပဲ။

## ၁၉၄၈လွတ်လပ်ရေးသည် ဗမာပြည်လွတ်လပ်ရေးမဟုတ်၊ ပြည်ထောင်စုလွတ်လပ်ရေးသာ ဖြစ်သည်

၁၉၄၈ခု၊ ဇန်နဝါရီလ(၄)ရက် လွတ်လပ်ရေးဟာ ဗမာပြည်လွတ်လပ်ရေး လုံးဝမဟုတ်ပါဘူး။ ရခိုင်၊ မွန်၊ ရှမ်း၊ ချင်း၊ ကရင်၊ ကယား၊ ကချင်၊ ဗမာ အားလုံးပါဝင်တဲ့ ဧရာဝတီပြည်ထောင်စုကြီးရဲ့ လွတ်လပ်ရေးသာဖြစ်ပါတယ်။ မြန်မာပြည်လွတ်လပ်ရေးနဲ့ ဗမာပြည်လွတ်လပ်ရေး မတူဘူးဆိုတာ နားလည်ဖို့လိုပါတယ်။

**တိုင်းရင်းသားအများစုဟာ မြန်မာပြည်ဆိုတာကို ဗမာပြည်ကို ခေါ်ဆိုတာမဟုတ်ဘူးဆိုတာ မရှင်းလင်းကြတာပါ။ မြန်မာပြည်နဲ့ ဗမာလူမျိုး မတူပါဘူး၊ ကျုပ်တို့ပြည်ထောင်စုကို ပြည်ထောင်စုမြန်မာနိုင်ငံတော်လို့ ခေါ်ဆိုသတ်မှတ်ခဲ့တာဟာ ဝေါဟာရပိုင်းဆိုင်ရာ မရှင်းလင်းမပြတ်သားမှုကိုဖြစ်ပေါ်စေခဲ့တာသာ ဖြစ်ပါတယ်။ အကယ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်လို့ ခေါ်ဆိုမယ့်အစား ဧရာဝတီပြည်ထောင်စု (United States Of Ayarwaddy)လို့သာ ခေါ်ဆိုခဲ့ကြရင် မြန်မာပြည်နဲ့ ဗမာလူမျိုး ပြဿနာမရှင်းလင်းမှုကို တိုင်းရင်းသားလူမျိုးစုတွေ ပိုမိုသဘောပေါက်ခဲ့နိုင်ကြမှာပါ။**

ရခိုင်နိုင်ငံ၊ ကချင်နိုင်ငံ၊ ဝမ်ပေါင်နိုင်ငံ၊ ရှမ်းနိုင်ငံ၊ ကရင်နိုင်ငံတွေ သီးခြားစီပေါ်ပေါက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်သလို ဗမာနိုင်ငံဆိုတာလည်း ပေါ်ပေါက်ခွင့်မရှိပါဘူး။ ဗမာဆိုတာလည်း ကျန်တိုင်းရင်းသားတွေထဲက တိုင်းရင်းသားမျိုးနွယ်တစ်မျိုးပါပဲ။

ဒီလို လုံးဝမဖြစ်နိုင်တဲ့ လက်တွေ့အရှိတရားကို သိပါလျက်နဲ့ ရခိုင်နိုင်ငံ၊ ကချင်နိုင်ငံ၊ ရှမ်းနိုင်ငံ၊ ကရင်နိုင်ငံ လွတ်လပ်ရေးအတွက်ဆိုပြီး တိုင်းရင်းသားတွေကို စစ်တိုက်ခိုင်းနေတာဟာ အဲဒီခေါင်းဆောင်တွေက သူတို့လူမျိုးတွေအပေါ် အကြီးအကျယ်လိမ်လည်လှည့်ဖြားအသုံးချနေမှုသာ ဖြစ်ပါတယ်။ မဖြစ်နိုင်တဲ့ခေါင်းစဉ်နဲ့ ကိုယ့်လူမျိုးတွေကို သေတွင်းထဲ တွန်းပို့နေတဲ့လုပ်ရပ်ဟာ ဘယ်လိုမှ ခွင့်လွှတ်လို့မရတဲ့ ဖောက်ပြန်မှုဖြစ်ပါတယ်။

ရခိုင်နိုင်ငံ သီးခြားထူထောင်မှု စိတ်ကူးယဉ်ဝါဒကို တွေးကြည့်လိုက်ရင် လူဦးရေသန်း(၂၀၀)နီးပါး ပေါက်ကွဲနေတဲ့ အစ္စလာမ့်ဘင်္ဂလားဒေ့ရှ်နိုင်ငံလက်ထဲကို ရခိုင်ပြည်ကို ထိုးအပ်လက်ဆောင်ပေးလိုက်ခြင်းလို့သာ အဓိပ္ပာယ်သက်ရောက်ပါတယ်။

သမိုင်းစဉ်ကိုကြည့်ရင် မြောက်ပိုင်းက တောင်ပိုင်းကို ရွေ့လျားစီးဆင်းပြီး အနိုင်ရသွားတာကိုပဲ တွေ့ရပါတယ်။ အမည်းရောင်က အဖြူရောင်ကို အနိုင်ရသွားပါတယ်။ သိပ်သည်းဆများတဲ့အင်အားက သိပ်သည်းဆနည်းတဲ့အင်အားထဲကို စီးဝင်ရောစပ်ပြီး အနိုင်ရသွားပါတယ်။

ဒေါက်တာအေးမောင်နဲ့ AA တို့ စိတ်ကူးယဉ်တဲ့ ရခိုင်နိုင်ငံတော်နဲ့ လွတ်လပ်ရေးဆိုတာ အစ္စလာမ့်ဘင်္ဂလားဒေ့ရှ်နိုင်ငံက သွားရည်တမြားမြားကျပြီး စောင့်စားမျှော်လင့်နေတဲ့ အခွင့်အရေးကြီးပါ။ ရခိုင်၊ ဗမာဆိုတာ လူမျိုးတစ်မျိုးတည်းပါ။ ရခိုင်ရော ဗမာရော အင်္ဂလိပ်ကိုလိုနီကျွန် အတူတူဖြစ်ခဲ့ကြတာပါ။ ရခိုင်ပြည်ဟာ ဗမာကျွန်ဖြစ်နေပြီဆိုတာ ရခိုင်လူမျိုးတွေကို သေတွင်းပို့ချင်လို့ ဒေါက်တာအေးမောင်နဲ့ AA တို့က တာဝန်မဲ့ပြောကြားလိုက်တဲ့ အဓိပ္ပာယ်မရှိသော ဝေါဟာရတစ်ခုသာ ဖြစ်တယ်။ ရခိုင်နဲ့ ဗမာကြားမှာ ဗမာကျွန်မရှိနိုင်သလို ရခိုင်ကျွန်လည်း မရှိနိုင်ပါဘူး။

## ဆရာတော်ဦးဥတ္တမ ခင်းခဲ့သောလမ်းကို ဖျက်ဆီးသူ ဒေါက်တာအေးမောင်နဲ့ အပေါင်းအပါများ

အင်္ဂလိပ်ကိုလိုနီကျွန်ဘဝက မြန်မာပြည်ကြီး လွတ်လပ်ရေးရဖို့ စွမ်းဆောင်ခဲ့တဲ့ ပထမဆုံးနိုင်ငံရေးခေါင်းဆောင်ကြီးဟာ စစ်တွေမြို့သား ရခိုင်လူမျိုး ဆရာတော် ဦးဥတ္တမ ဖြစ်တယ်။ ဦးဥတ္တမဟာ ရခိုင်ပြည်လွတ်လပ်ရေးအတွက်မျှသာ တိုက်ပွဲဝင်ခဲ့တာ မဟုတ်ပါဘူး။ ဒါကြောင့် ဦးဥတ္တမကို ဂုဏ်ပြုတဲ့ ဦးဥတ္တမကျောက်တိုင်၊ ဦးဥတ္တမပန်းခြံ စတာတွေနဲ့ ဂုဏ်ပြုထားခဲ့ပါတယ်။ ဗမာတွေရဲ့ နှလုံးသားထဲမှာ ရခိုင်လူမျိုး ဆရာတော်ဦးဥတ္တမဟာ ထာဝရရှိနေပါတယ်။

ဦးဥတ္တမ စတင်လျှောက်လှမ်းခဲ့တဲ့လွတ်လပ်ရေးခရီးလမ်းရဲ့ ဆန့်ကျင်ဘက်ကို သွားနေသူတွေကတော့ အာဏာရရှိရေးအတွက် ကိုယ့်လူမျိုးကို လမ်းမှားပြနေတဲ့ သမိုင်းကိုနောက်ပြန်ဆွဲနေတဲ့ ဘိုးတော်ဘုရားခေတ်ထဲမှာ ရုန်းမထွက်နိုင်တဲ့ ဒေါက်တာအေးမောင်နဲ့ AA လက်နက်ကိုင်လူတစ်စုသာ ဖြစ်ပါတယ်။

ဘူးသီးတောင်၊ မောင်တောမှာ လူနည်းစုဖြစ်သွားရတဲ့ ရခိုင်လူမျိုးတွေအတွက် အစ္စလာမ်တွေဝါးမျိုတော့မယ့် ခံတွင်းဝကျရောက်နေတဲ့ ရခိုင်လူဦးရေသုံးသန်းမျှသာရှိတော့တဲ့ ရခိုင်ပြည်နယ်အတွက် ပြည်ထောင်စုတစ်ခုလုံး ပြိုကွဲပျက်စီးသွားနိုင်တဲ့အခြေအနေအထိ ရင်ဆိုင်ရှုန်းကန်နေရပါတယ်။ ၁၇၈၄မှာ ရခိုင်ဘုရင့်နိုင်ငံကို ဘိုးတော်ဘုရားဗဒုံမင်းက သိမ်းယူခဲ့တာ မှန်တယ်။ ဒါပေမယ့် ဘိုးတော်ဘုရားရဲ့ မြေးတော် ဘကြီးတော်ဘုရား စစ်ကိုင်းမင်းလက်ထက် ၁၈၂၄ (ဘိုးတော်ဘုရား ဗဒုံမင်း ရခိုင်ကိုသိမ်းပြီး နှစ်(၄၀)ကြာတဲ့ အချိန်)မှာ အင်္ဂလိပ်က ရခိုင်ပိုင် ရှင်မဖြူကျွန်းပေါ်မှာ အင်္ဂလိပ်အလံလာစိုက်ပြီး ကျူးကျော်မှုစတင်ပါတယ်။ ဒီအချိန်မှာ မြန်မာဘုရင် ဘကြီးတော်ဘုရားဟာမြန်မာစစ်တပ်ထက်အင်အားအဆမတန်ကြီးမားခေတ်မီတဲ့ အင်္ဂလိပ်နဲ့ ရခိုင်ကိစ္စအကြောင်းပြပြီး စစ်တိုက်မလား၊ ဒါမှမဟုတ် ရခိုင်နယ်မြေကို အဆုံးခံအလျှော့ပေးပြီး အင်္ဂလိပ်နဲ့စစ်ဖြစ်မယ့်အရေး ရှောင်မလား ဆုံးဖြတ်ရတယ်။ ရခိုင်အရေးဟာ ဗမာ့အရေးဖြစ်တာကြောင့် ဗမာဘုရင် ဘကြီးတော်ဘုရားစစ်ကိုင်းမင်းဟာ အင်္ဂလိပ်နဲ့ စစ်ဖြစ်တဲ့လမ်းကိုရွေးပြီး ရခိုင်ပြည်ကို ကာကွယ်ခုခံပါတယ်။ အဲဒီ ရခိုင်အရေးကစပြီး လွန်ခဲ့တဲ့နှစ်(၁၀၀၀) ရှုံးပွဲမရှိခဲ့တဲ့ ဒေါင်းအလံကိုင် မြန်မာ့တပ်မတော်ဟာ အင်္ဂလိပ်ကို အရှုံးပေးခဲ့ရပြီး မြန်မာနိုင်ငံတော်စတင်ကျဆုံးခဲ့တာပဲ ဖြစ်တယ်။

အခုနောက်ဆုံး ဘူးသီးတောင်၊ မောင်တောရခိုင်အရေးနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြည်ထောင်စုအစိုးရဟာ ရန်သူ့ဝံပုလွေတွေရဲ့သားရဲတွင်း နှုတ်ခမ်းဝမှာ ကြိုးတန်းလမ်းလျှောက်နေရတယ်။ ဘာကြောင့်လဲဆိုတော့ ရခိုင်ဆိုတာ ဗမာဖြစ်လို့ပဲ။ ရခိုင်ကိုထိတာဟာ ပြည်ထောင်စုကိုထိတာဖြစ်လို့ပါပဲ။ ရခိုင်အရေးဟာ ပြည်ထောင်စုအရေး ဖြစ်လို့ပါပဲ။

အခုလို အကျပ်အတည်းအခြေအနေမှာ အချောင်သမား၊ အဖျက်သမားလုပ်နေတာဟာ ဘယ်သူတွေလဲ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀)ကျော် ဘိုးတော်ဘုရားခေတ်ထဲက ရုန်းမထွက်နိုင်ဘဲ ကယောင်ကတမ်းနဲ့ ရခိုင်ဘုရင့်နိုင်ငံတော်ဆိုပြီး ကုန်းအော်နေတာဟာ ဘယ်သူလဲ။ အဲဒီလူတွေကတော့ အချောင်သမားဒေါက်တာအေးမောင်နဲ့ AA အဖွဲ့သာ ဖြစ်ပါကြောင်း။

မိုးဟိန်း(သူရိယနေဝန်း)

www.free4readers.com

# ၂၁ ရာစု ပင်လုံညီလာခံ တတိယအစည်းအဝေး အောင်မြင်ပါစေ

လက်ဘနွန်နိုင်ငံတွင်း ဒိုးဝင်သူ ဆီးရီးယား (၁၀) ဦး အေးခဲပြီး သေဆုံး

၂၀-၁-၂၀၁၈

ရခိုင်ပြည်နယ်ကို အန်အယ်လ်ဒီ အစိုးရမှ ကိုလိုနီစနစ်ဖြင့် အုပ်ချုပ်နေဟု ရခိုင်အမျိုးသားပါတီမှ အမျိုးသားလွှတ်တော်အမတ် ဦးအောင်သောင်းရွှေဝေမန်

၁၉-၁-၂၀၁၈









တရုတ် - မြန်မာ ပူးတွဲပြီး သမုဒ္ဒရာပြင် သုတေသန ပြုလုပ်

၁၈-၁-၂၀၁၈

'ဝ' UWSA ဗဟိုကော်မတီအစည်းအဝေး ထိပ်ပိုင်းခေါင်းဆောင်များ တိုးချဲ့ခန့်အပ်

၁၈-၁-၂၀၁၈

ဒေါက်တာအေးမောင်နှင့် ဝေဟင်အောင် တို့ကို ဇန်နဝါရီ (၃၁) တွင် ရုံးထုတ်မည်









တောင်ကိုရီးယားအိုလံပစ်ပွဲတော်သို့ မြောက်ကိုရီးယားအဖွဲ့ စေလွှတ်မည်ကို ရုပ်သိမ်းလိုက်

၁၈-၁-၂၀၁၈

ဆေးဝါးအတုများကြောင့် အာဖရိကတွင် တစ်နှစ် လူတစ်သိန်းခန့် သေဆုံး

၁၈-၁-၂၀၁၈

ဇင်ဘာဘွေ အတိုက်အခံခေါင်းဆောင် ရှိုင်ဘာနှက် အမေရိကန်တွင် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံး

၁၈-၁-၂၀၁၈







အိန္ဒိယပြည်နယ်ဒေလီအစိုးရကျောင်းများကို မိဘများ ကင်မရာမှ စောင့်ကြည့်ခွင့်ရတော့မည်

၁၉-၁-၂၀၁၈

တရုတ်လေကြောင်းခရီးစဉ် (၂၀၀) နီးပါးကို ထိုင်းဝမ်ပိတ်ပင်

၂၀-၁-၂၀၁၈

တောင်ကိုရီးယားတွင် တရားမဝင် နိုင်ငံခြားသားများကို စီမံချက်ဖြင့် စတင်ဖမ်းဆီး

၂၀-၁-၂၀၁








www.free4readers.com